# ကြေးမုံ The Mirror

၁၉၅၇ ခုနှစ် ၁၉ ဇွန် စတင်ထုတ်ဝေသည်။ Established in 1957

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်၊ တနင်္လာနေ့ (25-11-2013) (၇၆၇၅)


**ထူးခြားသည့် ညအပူချိန်များ**

ဟားခါး
၇ ဒီဂရီစင်တီဂရိတ်
ပူတာအို
၈ ဒီဂရီစင်တီဂရိတ်
သီပေါ
၈ ဒီဂရီစင်တီဂရိတ်
ပြင်ဦးလွင်
၈ ဒီဂရီစင်တီဂရိတ်

**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အားကစားရွာဖွင့်ပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၄**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အားကစားရွာ Athletes' Village ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပရာ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်အားပေးကြသည်။

အခမ်းအနားတွင် ကျောင်းသားကျောင်းသူလေးများက ဘင်ခရာနှင့် ပန်းဖွားအကများဖြင့် သရုပ်ပြ တီးခတ်ဖျော်ဖြေကပြကြပြီး Village Mayor ဦးမျိုးလှိုင်က အားကစားရွာနှင့် စပ်လျဉ်းသည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**






ဒုတိယသမ္မတ ဦးညဏ်ထွန်း အားကစားရွာ Athletes' Village ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)



**(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံတကာ အားကစားသမားများတည်းခိုနေထိုင်ရန် တည်ဆောက်ပေးထားသည့် အားကစားရွာတစ်စိတ်တစ်ဒေသကို တွေ့ရစဉ်။** (သတင်းစဉ်)

## ဆီးဂိမ်းပြိုင်ပွဲကြီးကျင်းပရန် ၁၇ ရက်သာ လိုတော့သည်

# ဆိုင်ကလုန်းမုန်တိုင်း အဝါရောင်အဆင့်သာရှိ

**နေပြည်တော် နိုဝင်ဘာ ၂၄**

ယနေ့မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း "လီဟာ"(LEHER)သည် အိန္ဒိယနိုင်ငံ ကပ္ပလီကျွန်းစု ပို့လ်ဘလဲယားမြို့၏ အရှေ့တောင်ဘက် မိုင် ၉၀ ခန့်၊ မြန်မာနိုင်ငံ ကော့သောင်းမြို့၏ အနောက်-အနောက်မြောက်ဘက် မိုင် ၂၈၀ ခန့်အကွာ ပင်လယ်ပြင်ကိုဗဟိုပြုနေသည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

ဆိုင်ကလုန်းမုန်တိုင်း၏ အရှိန်ကြောင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်ပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် **စာမျက်နှာ ၃ ကော်လံ ၄ သို့ ○**




ကြေးမုံစာတည်းရှုထောင့် ၂၅-၁၁-၂၀၁၃၊ တနင်္လာနေ့

# အကောင်းနှင့် အဆိုး

လောကတွင် အကောင်းနှင့် အဆိုးတို့သည် ဒွန်တွဲဖြစ်ပေါ်တတ်ပါသည်။ တစ်ဖက်၌ အကျိုးစီးပွားဖြစ်ထွန်းစေရန်အတွက် ဆောင်ရွက်ကြရာတွင် အခြားတစ်ဖက်၌ ဆိုးကျိုးများ အနည်းနှင့်အများဖြစ်ပေါ်နိုင်ပါသည်။

ထိုနေရာတွင် သဘာဝပတ်ဝန်းကျင်တို့၏ တစ်ခုနှင့်တစ်ခု ဆက်စပ်တည်မှီနေကြပုံကို သတိပြုကြရမည်ဖြစ်ပါသည်။ စွမ်းအင်၊ ပတ်ဝန်းကျင်နှင့် လူသတ္တဝါတို့၏စနစ်များ ဟန်ချက်ညီအောင် ဆောင်ရွက်နိုင်ခြင်းမရှိလျှင် အကျိုးဆက်အားဖြင့် လူသတ္တဝါများ၏ လူမှုဘဝ၊ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ဂေဟတစ်ခုလုံးကိုပါ ဆိုးကျိုးများ သက်ရောက်နိုင်မည်ဖြစ်ပါသည်။

ကမ္ဘာတစ်ဝန်းတွင် စားနပ်ရိက္ခာထုတ်လုပ်ရန် ဒီဇယ်၊ ဓာတ်ဆီ စသည့် ရုပ်ကြွင်းလောင်စာများကို ထုတ်လုပ်နေရပါသည်။ အဆိုပါရုပ်ကြွင်းလောင်စာများအပြင် အစားထိုးစွမ်းအင်ရှာဖွေထုတ်လုပ်ကြသောအခါ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်ဖို့ အလေးထားဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ယနေ့တည်ရှိနေသော သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်အခြေအနေကောင်းများ အစဉ်တည်တံ့နေစေရန်အတွက် အလေးဂရုပြုကြရန်ဖြစ်ပါသည်။ မိမိတို့အကျိုးစီးပွားအတွက် သဘာဝသယံဇာတများကို ထုတ်ယူသုံးစွဲရမည်ဖြစ်သကဲ့သို့ အနာဂတ်အတွက် အစဉ်တိုးတက်ဖွံ့ဖြိုးနေစေရန်နှင့် ပတ်ဝန်းကျင်အခြေအနေကောင်းများ ဆက်လက်ရှင်သန်နေစေရန်အတွက်လည်း မြော်တွေးထားရမည်ဖြစ်ပါသည်။

ဖွံ့ဖြိုးခြင်းသည် လူမှုဘဝအတွက် ကောင်းမွန်လှသော်လည်း ဖွံ့ဖြိုးတိုးတက်မှု မြင့်မားသော နိုင်ငံများတွင် သဘာဝသယံဇာတများကို အလွန်အကျွံထုတ်ယူသုံးစွဲမှုများကြောင့် ဂေဟစနစ်ပျက်သုဉ်းတတ်ပုံကို ဖွံ့ဖြိုးပြီးနိုင်ငံများ၏ လုပ်ဆောင်နေမှုများမှ နမူနာယူဖွယ်မြင်တွေ့ရမည်ဖြစ်သည်။

အမေရိကန်နိုင်ငံတွင် လေစွမ်းအင်ကို အလွန်အကျွံထုတ်ယူမှုကြောင့် သဘာဝလေစီးကြောင်း ပြောင်းလဲခြင်းနှင့် လင်းနို့ကောင်ရေခြောက်သိန်းခန့် သေဆုံးခဲ့ရခြင်းတို့ ဖြစ်ပေါ်ခဲ့ကြောင်း မကြာမီကာလက လေ့လာမှုအသစ်တစ်ရပ်တွင် တွေ့ရှိထားသည်ဟုဆိုသည်။

လင်းနို့များသည် လေစွမ်းအင်ထုတ်လုပ်သည့် တာဘိုင်ဒလက်များနှင့် ထိခိုက်သေဆုံးခဲ့ရပြီး လေဖိအားအပြောင်းအလဲများလည်း ဖြစ်ပေါ်ခဲ့ပါသည်။ လင်းနို့များသည် အပင်များဝတ်မှုန်ကူးရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ပြီး အင်းဆက်များ ပျံ့နှံ့ရာတွင်လည်း အထောက်အကူပြုပါသည်။

ထို့အပြင် လင်းယုန်၊ သိမ်းငှက်ကဲ့သို့ အခြားငှက်သတ္တဝါများပါ သေဆုံးခဲ့ရကာ သက်ရှိပတ်ဝန်းကျင်အတွင်းမှ ငှက်သတ္တဝါများ မျိုးသုဉ်းပျက်စီးမှုအန္တရာယ်များနှင့် ကြုံတွေ့လာပါသည်။ ရာသီဥတုပြောင်းလဲမှုကြောင့် မျိုးသုဉ်းပျက်စီးမှုခြိမ်းခြောက်ခံနေရချိန်တွင် လူတို့ဖန်တီးမှုကြောင့် ထပ်မံပျက်စီးရမည့်ဘေးနှင့် ကြုံတွေ့နေကြရခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ထိုသို့သောအခြေအနေမျိုး မရှိသေးသော်လည်း သဘာဝပတ်ဝန်းကျင်မှ အခြားသယံဇာတများကို ထုတ်ယူသုံးစွဲမှုကြောင့် ပတ်ဝန်းကျင်ထိခိုက်မှု၊ ဂေဟစနစ်ပျက်သုဉ်းမှုများနှင့် လူမှုဘဝအကျိုးစီးပွားထိခိုက်မှုမရှိအောင် သတိပြုဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

အကျိုးစီးပွားဟူသည် လူတိုင်းအတွက် ရလိုမှု၊ အကျိုးဖြစ်ထွန်းမှုဖြစ်သော်လည်း မိမိအကျိုးစီးပွားအတွက် သဘာဝပတ်ဝန်းကျင်ထိခိုက်မည်ဆိုပါက ရေရှည်အကျိုးစီးပွားကို ထည့်သွင်းစဉ်းစားကာ ပတ်ဝန်းကျင်အတွက် အလေးထားသင့်ပါသည်။

မြန်မာနိုင်ငံတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဟန်ချက်ညီအောင် ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၂ ခုနှစ်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကို ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါသည်။ ထို့ကြောင့် ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ မြန်မာနိုင်ငံ၏သဘာဝပတ်ဝန်းကျင်မပျက်စီးအောင် ထိန်းသိမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

## မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများအတွက် ချေးငွေများထုတ်ချေးထား

**နေပြည်တော် နိုဝင်ဘာ ၂၄**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ယနေ့ မွန်းတည့် ၁၂ နာရီတွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် တပ်ကြီးကျေးရွာ မြေအိုးထုတ်လုပ်သည့် လုပ်ငန်း၊ ဘုန်းတော်နိုင်ငံကျေးရွာ လက်ရက်ကန်းလုပ်ငန်းနှင့် နွားထိုးကြီးမြို့နယ်



ဇေဒိတ်၊ တက်စည်၊ ထန်းတောကျေးရွာများရှိ လက်ရက်ကန်းလုပ်ငန်းများသို့ သွားရောက် ကြည့်ရှုအားပေးပြီး **(အပေါ်ပုံ)** ယခုဆောင်ရွက်နေသော လုပ်ငန်းများသည် ကျေးလက်နေ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်နေသူများ၏ ဒုတိယဝင်ငွေရလုပ်ငန်းများဖြစ်သော်လည်း နေ့စဉ် နေထိုင်စားသောက်မှုစရိတ်များကို အထောက်အကူပြုလုပ်ငန်းများဖြစ်သောကြောင့် ထုတ်ကုန်အရေအတွက် တိုးတက်ထုတ်လုပ်နိုင်ရေး၊ ချေးငွေရရှိနိုင်ရေး၊ ဈေးကွက်တိုးချဲ့နိုင်ရေးနှင့် နည်းပညာသစ်များဖြင့် တန်ဖိုးမြင့်ထုတ်လုပ်နိုင်ရေးတို့အတွက်လည်း ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်း အစုအဖွဲ့များ ပူးပေါင်း၍ ဆောင်ရွက်ကြစေလိုကြောင်း၊ ကျေးရွာများမှအသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လျှင် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအပါအဝင် ဌာနဆိုင်ရာ အသီးသီးမှလည်း ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အကူအညီများရရှိရေးကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် အမရပူရမြို့နယ် တပ်ကြီးကျေးရွာ မြေအိုးထုတ်လုပ်သည့် လုပ်ငန်းရှင်များအား ငွေကျပ် ၂၀၂ ဒသမ ၅ သိန်း၊ ဘုန်းတော်နိုင်ငံကျေးရွာလက်ရက်ကန်းလုပ်ငန်းရှင်များအား ငွေကျပ် ၂၈၈ သိန်း၊ နွားထိုးကြီးမြို့နယ် ဇေဒိတ်၊ တက်စည်၊ ထန်းတောကျေးရွာများရှိ လက်ရက်ကန်းလုပ်ငန်းရှင်များအား ငွေကျပ် ၉၅၈ သိန်းတို့ကို ကျေးလက်ဒေသ အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းပံ့ပိုးချေးငွေများ ထုတ်ချေးပေးထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ကျန်ရှိသည့် သံဝေဇနီယသုံးဌာန ဆက်လက်တည်ဆောက်ပူဇော်ရန် လှူဒါန်းနိုင်

ဂေါတမဘုရားအလောင်းတော်ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ် သဗ္ဗညုတဉာဏ်တော်ရရှိတော်မူရာ မဟာဗောဓိအောင်မြေ၊ ဓမ္မစကြာတရားဦးဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံအင်ကြင်းတောဟူသည့် သံဝေဇနီယလေးဌာနအနက်မှ ပွင့်တော်မူရာတစ်ဌာနကို တည်ဆောက်ပူဇော်ပြီးစီးခဲ့ပြီး ကျန်ရှိသည့် သံဝေဇနီယသုံးဌာနကို နေပြည်တော် သတ္တဌာနအနီးပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက်ပူဇော်ရန် စတင်စီမံဆောင်ရွက်နေပြီဖြစ်ရာ ဝန်ကြီးဌာနအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော်လည်းကောင်း ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးကံချွန် (နေပြည်တော်ကောင်စီဝင်) ဖုန်း-၀၆၇-၄၁၄၂၀၅၊ ဦးသန်းကျော်ထူး (ဒုတိယမြို့တော်ဝန်) နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၁၆၊ ဦးဝင်းဌေး (အတွင်းရေးမှူး)နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၁၇၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး ဖုန်း-၀၆၇-၄၁၄၂၀၂၊ ၀၆၇-၄၁၄၂၁၄၊ စီမံရေးရာဌာနမှူး ဖုန်း-၀၆၇-၄၁၄၇၅၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

---

ဘုရားအလောင်းတော်ဖွားမြင်တော်မူရာဌာနတွင် မယ်တော်မာယာဖွားတော်မူဟန်နှင့် ဘုရားအလောင်းတော် ခြေခုနစ်လှမ်းကြွ၍ ကြွေးကြော်တော်မူဟန်ရုပ်တုတော်၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူရာဌာနတွင် ပရိနိဗ္ဗာန်စံဝင်တော်မူဟန် ဗုဒ္ဓရုပ်ပွားတော် တစ်ဆူတို့ကို စကျင်ကျောက်ဖြင့် ထုဆစ်လှူဒါန်းပူဇော်မည်ဖြစ်ပါ၍ စေတနာရှင်ပြည်သူအများမှ အထက်ဖော်ပြပါ အလှူခံဌာနများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။







❖ **ရွှေဖုံးမှ**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဦးတင့်ဆန်း၊ ဦးဌေးအောင်၊ ဒုတိယဝန်ကြီး ဦးသောင်းထိုက်နှင့် ဦးဇော်ဝင်းတို့က အားကစားရွာ Athletes' Village ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။**(ယာပုံ)**

ယင်းနောက် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းက အားကစားရွာ Athletes' Village ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အားကစားရွာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အားကစားရွာ Social Zone ဖွင့်ပွဲအခမ်းအနားကျင်းပရာ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဒုတိယသမ္မတနှင့်အဖွဲ့သည် အားကစားရွာ Social Zone အတွင်း လှည့်လည်ကြည့်ရှု၍ ခန်းမအတွင်း နံရံမျက်နှာစာ၌ အမှတ်တရ လက်မှတ်ရေးထိုးကြသည်။

ထို့နောက် အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မြန်မာအားကစားအဖွဲ့များအတွက် အောင်နိုင်ရေးအလှူငွေပေးအပ်ပွဲအခမ်းအနားကို ကျင်းပရာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦးက အလှူရှင်များကိုယ်စား အလှူငွေများ ပေးအပ်လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တပ်မတော်(ကြည်း/ရေ/လေ) မိသားစုများမှ လှူဒါန်းသည့် အလှူငွေကျပ် သိန်း ၁၀၀၀ ကို စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦးကလည်းကောင်း၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇာနည်ဝင်းက ငွေကျပ်သိန်း ၃၀၀ ကိုလည်းကောင်း၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းမှ ဗိုလ်ချုပ်တင်ထွန်းအေးက ငွေကျပ် ၉၂၅ သိန်းနှင့် အမေရိကန်ဒေါ်လာ ၄၀၀၀၀ ကိုလည်းကောင်း၊ စေတနာရှင် ပြည်သူများက လှူဒါန်းငွေများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ဒုတိယသမ္မတကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။



ထို့နောက် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် အားကစားအောင်နိုင်ရေးအတွက် ဂုဏ်ပြုတီးခတ် သီဆိုဖျော်ဖြေနေကြသည့် တေးသံရှင်များအား သွားရောက်ကြည့်ရှုအားပေးခဲ့ကြသည်။ **(သတင်းစဉ်)**

# အိုင်ယာလန်နိုင်ငံသား တစ်ကိုယ်တော်အပြေးသမား စဥ့်ကိုင်မြို့သို့ ရောက်ရှိဖြတ်ကျော်

**စဥ့်ကိုင် နိုဝင်ဘာ ၂၄**

အိုင်ယာလန်နိုင်ငံရှိ ၎င်းနေထိုင်ရာမြို့မှစတင်ပြေးလာခဲ့သူ တစ်ကိုယ်တော်အပြေးသမား Mr. Mangan Tony သည်ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံအတွင်းသို့ မြဝတီမြို့မှတစ်ဆင့် ဝင်ရောက်လာရာ မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့သို့ နိုဝင်ဘာ ၂၂ ရက် ညနေ ၅ နာရီ မိနစ် ၂၀ တွင် ရောက်ရှိဖြတ်ကျော်သွားကြောင်း သိရသည်။

၎င်းသည် ဥရောပမှအာရှတိုက်ကိုပတ်ကာ နေရင်းဒေသ အိုင်ယာလန်နိုင်ငံသို့ ပြန်လည်ရောက်ရှိသည်အထိ ကီလိုမီတာ ၅၃၀၀၀ ကျော်ပြေးရန် မျှော်မှန်းထားကြောင်း၊ ယခုအချိန်ထိ နိုင်ငံရှစ်နိုင်ငံကို ဖြတ်သန်းလျက် ကီလိုမီတာ ၃၈၀၀၀ ကျော်ပြေးခဲ့ပြီးဖြစ်ကြောင်း၊ ယခုမြန်မာနိုင်ငံမှာ ကိုးနိုင်ငံမြောက်ဖြစ်ပြီး ကျောက်ဆည်၊ စဥ့်ကိုင်မှ စစ်ကိုင်း၊ ရွှေဘို၊ ကလေး၊ တမူးမြို့များသို့ဖြတ်သန်းလျက် အိန္ဒိယနိုင်ငံသို့ ကူးမည်ဖြစ်ကြောင်း၊ အိုင်ယာလန်နိုင်ငံမှ စတင်ပြေးလာခဲ့သည်မှာ ယခုအချိန်ထိ သုံးနှစ်နှင့်တစ်လရှိခဲ့ပြီဖြစ်ကြောင်း၊ နောက်ထပ်ကျန်ရှိနေသော နိုင်ငံခြောက်နိုင်ငံကို ၁၁ လနှင့်အပြီးဖြတ်ကျော်၍ အိုင်ယာလန်နိုင်ငံသို့ ပြန်လည်ရောက်ရှိရန်မျှော်မှန်းထားကြောင်း သိရသည်။

Mr. Mangan Tony သည် ပင်စင်စားဝန်ထမ်းဟောင်းတစ်ဦးဖြစ်ပြီး အသက်(၅၆)နှစ်ရှိပြီဖြစ်ကြောင်း၊ ၎င်း၏ P.P နံပါတ်မှာ PC 6641345 ဖြစ်ပြီး Visa No B 316120 ဖြစ်ကြောင်း၊ ခွင့်ပြု TOURISTVISA မှာ ၂၈ ရက်ဖြစ်ပြီး ယနေ့အထိ ၁၆ ရက်အသုံးပြုပြီးဖြစ်ကာ ၁၂ ရက်ကျန်ရှိသေးကြောင်း၊ ၎င်းကိုမြန်မာနိုင်ငံကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့ မန္တလေးတိုင်းဒေသကြီးတပ်ဖွဲ့စု ဒုရဲအုပ်ကျော်မင်းက အနီးကပ်လိုက်ပါစောင့်ရှောက်လျက်ရှိကြောင်း သိရသည်။**(အောက်ပုံ)** **(အောင်မင်း-စဥ့်ကိုင်)**





# ဆီးဂိမ်းဝင်/ထွက်ခွင့်ကတ်များ ဝယ်ယူသူအထူးများပြား

**နေပြည်တော် နိုဝင်ဘာ ၂၄**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက် ဆီးဂိမ်းအားကစားကွင်းကြီးအနီး ပျဉ်းမနား-တောင်ညိုကားလမ်းဘေးတွင်(Accredition Centre)ဖွင့်လှစ်၍ ဆီးဂိမ်းဖွင့်ပွဲ၊ ပိတ်ပွဲနှင့် ပွဲစဉ်များအားလုံးအတွက် ဝင်/ထွက်ခွင့်ကတ်များကို သတ်မှတ်တန်ဖိုးနှင့် ပြုလုပ်ရောင်းချပေးလျက်ရှိသည်။**(အပေါ်ပုံ)** အများပြည်သူများ စိတ်ဝင်စားမှုများသည့် ဆီးဂိမ်းပွဲတော် ဝင်/ထွက်ခွင့်ကတ်များ စတင်ရောင်းချသည့် နိုဝင်ဘာ ၁၈ ရက်တွင် လာရောက်ဝယ်ယူသူ အထူးများပြားသောကြောင့် ဝယ်ယူ၍မရရှိခဲ့ကြောင်း လာရောက်ဝယ်ယူသူတစ်ဦးက ပြောကြားသည်။ **(သန်းနိုင်-ဇမ္ဗူသီရိ)**

## အောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်

**နေပြည်တော် နိုဝင်ဘာ ၂၄**

**ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်အောက် ၄ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး ချင်းပြည်နယ်တွင် နိုဝင်ဘာလ၏ပျမ်းမျှအပူချိန်ထက် ၄ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းတွင်ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း "လီဟာ" (LEHER) သည် အိန္ဒိယနိုင်ငံ ကပ္ပလီကျွန်းစု ပို့လ်ဘလဲယားမြို့၏ အရှေ့တောင်ဘက် မိုင် ၁၃၀ ခန့်၊ မြန်မာနိုင်ငံ ကော့သောင်းမြို့၏အနောက်-အနောက်မြောက်ဘက် ၂၄၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကိုဗဟိုပြုနေသည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။ ကပ္ပလီပင်လယ်ပြင်တွင် တိမ်ထူထပ်နေပြီး ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိတိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

# ရန်ကုန်မြို့တော်ဝန်ဖလား တင်းနစ်ပြိုင်ပွဲကျင်းပရေး စာနယ်ဇင်းရှင်းလင်းပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၄**

၂၀၁၃ ခုနှစ်သတ္တမအကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား တင်းနစ်ပြိုင်ပွဲကျင်းပရေးနှင့်စပ်လျဉ်းသည့် စာနယ်ဇင်းရှင်းလင်းပွဲကို နိုဝင်ဘာ ၂၀ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူတင်းနစ်ကွင်းရှိ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌကိုယ်စား အမှုဆောင် ဦးစိုးလွင်က အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန လက်ထောက်ဌာနမှူး ဦးလှမင်းက ၂၀၁၃ ခုနှစ် သတ္တမအကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား တင်းနစ်ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဓိက ကူညီပံ့ပိုးမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲကျင်းပရေးတာဝန်ခံ မြန်မာ့လက်ရွေးစင် တင်းနစ်ကစားသမားဟောင်း ဦးမောင်မောင်လေးက ပြိုင်ပွဲပွဲစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက်စာနယ်ဇင်းများမှ မေးမြန်းချက်များကို မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

အဆိုပါ တင်းနစ်ပြိုင်ပွဲသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ပြိုင်ပွဲဝင် တင်းနစ်အားကစားမောင်မယ်များအား နေထိုင်ရေးနှင့် စားသောက်ရေးအစီအစဉ်ကို မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ဆောင်ရွက်ပေးမည်ဖြစ်သည်။

ပြိုင်ပွဲအတွက် ပွဲစဉ်ဇယားရေးဆွဲခြင်းကို နိုဝင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် သိမ်ဖြူတင်းနစ်ကွင်းခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များနှင့် ပြိုင်ပွဲဝင်အသင်းအုပ်ချုပ်သူ နည်းပြများစုံလင်စွာ တက်ရောက်ကြရမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

○ **ဆိုင်ကလုန်းမှ**

တစ်နာရီလျှင် မိုင် ၄၀ အထိတိုက်ခတ်နိုင်သည်။

ဆိုင်ကလုန်းမုန်တိုင်း၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်သာရှိပြီး မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိဟု သတ်မှတ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် မုန်တိုင်းအန္တရာယ် ရှောင်ရှားရန် လိုအပ်ကြောင်း အကြံပြုထားသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ **(ကြေးမုံ)**

# မာလီနိုင်ငံတွင် လွှတ်တော်ရွေးကောက်ပွဲကျင်းပ

ဘာမာကို နိုဝင်ဘာ ၂၄

**မာလီနိုင်ငံမြောက်ပိုင်းအတွင်းရှိ အစ္စလာမ္မစ်စစ်သွေးကြွများအား တိုက်ခိုက်ရန် ယခုနှစ်စောစောပိုင်းက ပြင်သစ်တပ်ဖွဲ့များ စစ်ရေးအရဝင်ရောက်ခဲ့ပြီးနောက် ယင်းနိုင်ငံတစ်ဝန်းလုံး၌ ကျင်းပသည့် ဒုတိယအကြိမ်မြောက် မဲပေးပွဲဖြစ်သည့် လွှတ်တော်ရွေးကောက်ပွဲကို နိုဝင်ဘာ ၂၄ ရက်တွင် လုံခြုံရေးအစောင့်အကြပ် ထူထပ်စွာဖြင့် ကျင်းပခဲ့ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။**

မာလီနိုင်ငံ၏ သမ္မတရွေးကောက်ပွဲကို ယခုနှစ် ဩဂုတ်လအတွင်းက ကျင်းပနိုင်ခဲ့ပြီး ယင်းရွေးကောက်ပွဲ ကျင်းပပြီးကတည်းကပင် နိုင်ငံတစ်ဝန်း၌ အကြမ်းဖက်မှုများတိုးတက်ဖြစ်ပွားလာခဲ့သည်။

မာလီနိုင်ငံမြောက်ပိုင်း ဂါအိုမြို့တွင် နိုဝင်ဘာ ၂၀ ရက်က ဗုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားခဲ့သည်။

မာလီလွှတ်တော်အမတ်ရွေးချယ်ပွဲ ပထမအကျော့အတွက် မာလီမဲဆန္ဒရှင် ၆ ဒသမ ၅ သန်းတို့ ဆန္ဒမဲပေးရန်မှတ်ပုံတင်ထားသည်။

ယခုလအစောပိုင်းက ပြင်သစ်သတင်းစာဆရာ နှစ်ဦးသတ်ဖြတ်ခံရသည့် ကီဒယ်မြို့တွင် ပြင်သစ်တပ်ဖွဲ့များ ဖြန့်ကြက်ထားသည်။ ၎င်းအပြင် ကုလသမဂ္ဂ ငြိမ်းချမ်းမှုထိန်းသိမ်းရေး တပ်ဖွဲ့များကိုလည်းရွေးကောက်ပွဲကျင်းပသည့် ဒေသများ၌ ဖြန့်ကြက်ထားသည်။

မာလီနိုင်ငံအတွင်း၌ ပြင်သစ်တပ်ဖွဲ့ဝင်သုံးထောင်ကျော်ရှိပြီး ကုလသမဂ္ဂ ငြိမ်းချမ်းမှုထိန်းသိမ်းရေး တပ်ဖွဲ့ဝင်အင်အားမှာလည်း ၎င်းအရေအတွက်နီးပါးရှိသည်။

**ဘီဘီစီ။**



ယခုနှစ် ဩဂုတ်လတွင် ကျင်းပခဲ့သော မာလီသမ္မတရွေးကောက်ပွဲ၌ နိုင်ငံသားများ မဲထည့်နေကြစဉ်။



ဂျီနီဗာဆွေးနွေးပွဲ၌ ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် အီရန်နိုင်ငံတို့၏ ကိုယ်စားလှယ်များ နျူကလီးယားအရေး ညှိနှိုင်းကြစဉ်။

# ဒမတ်စကပ်အရှေ့ပိုင်းအနီး တိုက်ပွဲပြင်းထန် ၇၀ကျော်သေဆုံး

**ဘေရွတ် နိုဝင်ဘာ ၂၄**

ဆီးရီးယားနိုင်ငံ မြို့တော် ဒမတ်စကပ်တွင်အတိုက်အခံတို့၏ ခြေကုပ်ဖြစ်သည့် မြို့အရှေ့ပိုင်းအနီး၌ အစိုးရတပ်များနှင့် သူပုန်တို့ အပြင်းအထန်တိုက်ပွဲများဖြစ်ပွားရာ လူ ၇၀ ကျော်သေဆုံးကြောင်းသတင်းစုဆောင်းရေး အုပ်စုတစ်စုက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

တနင်္ဂနွေနေ့ တိုက်ပွဲတွင် အီရတ်၊ လီဗန့်အစ္စလာမ့်နိုင်ငံနှင့် အဲလ်ရှူရာတပ်ဦးမှ ဂျီဟတ်ဒစ် ၂၈ဦး၊ ဆီးရီးယား လွတ်မြောက်ရေးတပ်မှ တိုက်ခိုက်ရေးသမား ၂၆ဦးနှင့် အစိုးရတပ်မှ ၁၈ဦးတို့ဖြစ်ကြောင်း ဆီးရီးယားလူ့အခွင့်အရေး လေ့လာရေးအဖွဲ့က ပြောကြားသည်။ ဆီးရီးယားပြဿနာများကို စုဆောင်းသတင်းပေးပို့လျက်ရှိသော နိုင်ငံသား ဂျာနယ်လစ်ဟုခေါ်ကြသည့်ပုဂ္ဂိုလ်ငါးဦးလည်း ယင်းတိုက်ပွဲတွင် သေဆုံးခဲ့သည်။

အစိုးရတပ်က လနှင့်ချီ၍ ဝန်းရံထားသည့် ရပ်ကွက်များဖြစ်သော အရှေ့ပိုင်း ဂိုအူတာသည် ဩဂုတ်လအတွင်းက ဓာတုလက်နက်ဖြင့် တိုက်ခိုက်ရာတွင် ပစ်မှတ်ဖြစ်ခဲ့သည်။

**ပီတီအိုင်။**



# အီရန် နျူကလီးယားအရေး သဘောတူညီမှုရကြပြီ

ဂျီနီဗာ နိုဝင်ဘာ ၂၄

**အီရန်နိုင်ငံနှင့် ကမ္ဘာ့အင်အားကြီးနိုင်ငံတို့သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ အီရန်နျူကလီးယားအရေး ဆွေးနွေးလျက်ရှိရာ တနင်္ဂနွေနေ့တွင် သမိုင်းဝင် သဘောတူညီမှု ရရှိလိုက်ပြီဖြစ်သည်။**

သဘောတူညီချက်တွင် အီရန်က ၎င်း၏ နျူကလီးယား အစီအစဉ်အကောင်အထည်ဖော်ခြင်းကို ခြောက်လကြာ ရပ်ဆိုင်းထားရမည်ဖြစ်ပြီး အပြန်အလှန်အားဖြင့် ဒေါ်လာ ၄ ဒသမ ၂ ဘီလီယံတန်ဖိုးရှိသော ရေနံရောင်းချခြင်း အပါအဝင် အရေးယူပိတ်ဆို့မှုများကို အကန့်အသတ်ဖြင့် တဖြည်းဖြည်း လျှော့ချပေးရမည်ဖြစ်သည်။

၎င်းသဘောတူညီချက်ကို အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီက ထောက်ခံသည်။

သဘောတူညီချက်အရ တီဟီရန်သည် ၎င်း၏ ယူရေနီယံသန့်စင်ခြင်းကို ငါးရာခိုင်နှုန်းအဆင့်အထိသာ ဆောင်ရွက်ရမည်ဖြစ်သည်။ ထိုအဆင့်သည် နျူကလီးယား လက်နက်ထုတ်လုပ်နိုင်သည့် အဆင့်အောက်ဖြစ်၍ အနောက်အုပ်စုကို စိတ်အေးချမ်းသာဖြစ်စေသည်။

နေ့စဉ် လုပ်ငန်းဆောင်ရွက်မှုများ အပါအဝင် တီဟီရန်၏ နန်တက်ဇ်နှင့် ဖော်ဒို နျူကလီးယားစက်ရုံများကို ဝင်ရောက်စစ်ဆေးကြည့်ရှုရန် နိုင်ငံတကာစစ်ဆေးရေးအဖွဲ့အား ခွင့်ပြုမည်ဖြစ်သည်။

နျူကလီးယား ထုတ်လုပ်နိုင်မည့် စီမံကိန်းများနှင့် ယူရေနီယံသန့်စင်ခြင်းကို ထိန်းချုပ်နိုင်သည့်အတွက် ယင်းသဘောတူညီချက်ကို အမေရိကန်သမ္မတ အိုဘားမားကလည်းကြိုဆိုလိုက်သည်။

ကမ္ဘာ့အင်အားကြီးငါးနိုင်ငံအပေါင်းတစ်ဖြစ်သော အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်၊ ရုရှား၊ ပြင်သစ်၊ တရုတ်နှင့် ဂျာမနီတို့နှင့် အီရန်ကိုယ်စားလှယ်တို့သည် လေးရက်ကြာ ဆွေးနွေးကြပြီးနောက် တနင်္ဂနွေနေ့စောစောပိုင်းတွင် သဘောတူညီမှု ရရှိခဲ့ကြခြင်းဖြစ်သည်။

**အေပီ/ဘီဘီစီ။**

# တူရကီနိုင်ငံသံအမတ်အား အီဂျစ်မှနှင်ထုတ်

ကိုင်ရို နိုဝင်ဘာ ၂၄

**ရာထူးမှဖယ်ရှားခြင်းခံရပြီး တရားရင်ဆိုင်နေရသည့် အီဂျစ်သမ္မတဟောင်း မိုဟာမက်မော်စီအား ပြန်လွှတ်ပေးရန် တူရကီနိုင်ငံဝန်ကြီးချုပ်က တောင်းဆိုခဲ့ပြီးတစ်ရက်အကြာ နိုဝင်ဘာ ၂၃ ရက်တွင် အီဂျစ်အာဏာပိုင်များက အီဂျစ်နိုင်ငံဆိုင်ရာ တူရကီသံအမတ်အား နိုင်ငံမှထွက်ခွာသွားရန်ပြောကြားခဲ့ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။**

တူရကီနှင့်အီဂျစ် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးကို အဆင့်နှိမ့်ချသွားဖွယ်ရှိကြောင်း အီဂျစ်အစိုးရတာဝန်ရှိသူက ပြောကြားသည်။

တူရကီဝန်ကြီးချုပ် အာဒိုဂန်က နိုဝင်ဘာ ၂၂ ရက်တွင် အီဂျစ်သမ္မတဟောင်း မော်စီအား ရာထူးမှဖယ်ရှားမှုနှင့်ပတ်သက်၍ ဝေဖန်ပြောကြားမှုထပ်မံပြုလုပ်ခဲ့ပြီး ၎င်းအား လွှတ်ပေးရန် အီဂျစ်အာဏာပိုင်များအား တောင်းဆိုခဲ့သည်။

တူရကီဝန်ကြီးချုပ်၏ပြောကြားမှုသည် အီဂျစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရာရောက်ကြောင်း အီဂျစ်နိုင်ငံခြားရေး ဝန်ကြီးဌာနက စွပ်စွဲပြောကြားသည်။

အီဂျစ်အစိုးရက တူရကီသံအမတ်အား တိုင်းပြည်တွင်းမှ နှင်ထုတ်ရန် ဆုံးဖြတ်ခဲ့မှုအား တုံ့ပြန်သည့်ကြေညာချက်တစ်ရပ်ကို တူရကီအစိုးရက ထုတ်ပြန်ခဲ့ပြီး ယင်းကြေညာချက်၌ အီဂျစ်နှင့် သံတမန်ဆက်ဆံရေးကို တူရကီနိုင်ငံဆိုင်ရာ အီဂျစ်သံအမတ် အဆင့်နှိမ့် လုပ်ဆောင်သွားမည်ဟု သည် မလိုလားအပ်သူတစ်ဦးဖြစ်ပြီး ဖော်ပြသည်။

**ဘီဘီစီ။**

## ဓမ္မဒူတယဉ်ကျေးလိမ္မာ ကလေးတရားစခန်း ဖွင့်မည်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အောက်ဝါးနက်ချောင်းကျေးရွာ၊ ဓမ္မဒူတ ဇေတဝန်တောရ ဆေကိန္ဒာရာမ ကျောင်းတိုက်တွင် ယဉ်ကျေးလိမ္မာ ကလေးတရာစခန်း ဖွင့်လှစ်မည်ဖြစ်ရာ Grade-10 (ဇတန်း)များအတွက် (၂၁-၁၂-၂၀၁၃မှ ၂၃-၁၂-၂၀၁၃) ရက်အထိ၊ တက္ကသိုလ်ကျောင်းသားများအတွက် (၂၄-၁၂-၂၀၁၃ မှ ၂၆-၁၂-၂၀၁၃)ရက်အထိ၊ Grade-8,9 (၇/၈ တန်း)များအတွက် (၂၇-၁၂-၂၀၁၃ မှ ၂၉-၁၂-၂၀၁၃)ရက်အထိ၊ Grade 6,7 (၅/၆ တန်း)များအတွက် (၃၀-၁၂-၂၀၁၃ မှ ၁-၁-၂၀၁၄)ရက်အထိ၊ Grade-4,5 (၃/၄ တန်း)များအတွက် (၂-၁-၂၀၁၄ မှ ၄-၁-၂၀၁၄)ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပါသည်။

တရားစခန်းဝင်ရောက်ရန်အတွက် ဖော်ပြပါ e-mail လိပ်စာများသို့ အမည်၊ မိဘအမည်၊ ပညာအရည်အချင်း၊ ကျောင်း၊ နေရပ်လိပ်စာတို့ကို အင်္ဂလိပ်လိုရေးသားပြီး ဒီဇင်ဘာလ ၄ ရက်မှ ၈ ရက်အတွင်း ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

Grade 10 (ဇ တန်း)များအတွက် dmdt 092013@ gmail.com
တက္ကသိုလ်ကျောင်းသားများအတွက် dmdtuni 2013@ gmail.com
Grade 8,9 (၇/၈ တန်း)များအတွက် dmdt782013@gmail.com
Grade 6.7 (၅/၆ တန်း)များအတွက် dmdt562013@gmail.com
Grade 4,5 (၃/၄ တန်း)များအတွက် dmdt342013@gmail.com

စာရင်းသွင်းပြီးသူများသည် ၁လက်မဓာတ်ပုံ ၂ပုံ၊ ကျောင်းသားကတ်(သို့)မှတ်ပုံတင်မိတ္တူနှင့်တကွ replymail ကို print ထုတ်၍ သင်တန်းသို့ မိမိတက်ရောက်ရမည့်နေ့ မွန်းလွဲ (၂)နာရီအရောက်လာကြရမည်ဖြစ်ပါသည်။

မိမိစာရင်းသွင်းသော e-mail လိပ်စာများသို့ ဒီဇင်ဘာလ ၁၆ ရက်မှ ၁၈ ရက်နေ့အတွင်း အကြောင်းပြန်ပါမည်။

အချက်အလက်မပြည့်စုံ/မမှန်သူများကို စာရင်းလက်ခံမည်မဟုတ်ပါ။



**ရေအောက်ကမ္ဘာရောက် အိုလံပစ်မီးရှူးတိုင်**

အိုလံပစ်မီးရှူးတိုင် လက်ဆင့်ကမ်းသယ်ဆောင်မှုသမိုင်းမှတ်တမ်းတွင် အရှည်လျားဆုံးခရီးတစ်ခုအနေဖြင့် မီးရှူးတိုင်ကို ကမ္ဘာ့အနက်ဆုံးရေကန်ဖြစ်သည့် ဘိုင်ကယ်လ်ရေကန်ရေအောက်သို့ ရေငုပ်သမားများက သယ်ဆောင်သွားခဲ့စဉ်။ [အဆိုပါမီးရှူးတိုင်သည် မြောက်ဝင်ရိုးစွန်းနှင့် နိုင်ငံတကာ အာကာသစခန်းသို့လည်း ရောက်ရှိခဲ့ပြီးဖြစ်သည်။] ဓာတ်ပုံ-ဆင်ဟွာ။










# ရွှေဟောင်းသမိုင်းဝင် အောင်မြင်ဇေယျစေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင်လှူပွဲ မဟာမင်္ဂလာကျင်းပ

**နေပြည်တော်  နိုဝင်ဘာ ၂၄**

ရွှေဟောင်းသမိုင်းဝင် အောင်မြင်ဇေယျစေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင်လှူပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့ရှိ သမိုင်းဝင် အောင်မြင်ဇေယျစေတီတော်မြတ်ကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော ဆရာတော်ကြီးများအပါအဝင် ပင့်သံဃာအပါး ၄၉၄ ပါး၊ ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်နှင့် ဇနီး ဒေါ်ခင်မလေး၊ တာဝန်ရှိသူများနှင့် ကရင်၊ ရခိုင်၊ ရှမ်းတိုင်းရင်းသားရိုးရာအကအဖွဲ့များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းနှင့် ဇနီးနှင့် တာဝန်ရှိသူများက စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်ဘုံအဆင့်ဆင့်တို့ကို ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းကြသည်။**(ယာပုံ)**

ထို့နောက် ရွှေထီးတော်ပထမဘုံအဆင့်မှစ၍ ငှက်မြတ်နားတော်၊ စိန်ဖူးတော်အထိ အစီအစဉ်အတိုင်းတင်လှူပူဇော်ကြကာ ဆရာတော်၊ သံဃာတော်များက စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်ကြသည်။

ယင်းနောက် မဟာဗောဓိညောင်ပင်စိုက်ပျိုးခြင်းအခမ်းအနားကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အမှူးပြုသော ပြည်ထောင်စုဝန်ကြီးနှင့် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေတို့က မြေဆီမြေဩဇာများနှင့် ရေစင်များ သွန်းလောင်းစိုက်ပျိုးကြသည်။ **(သတင်းစဉ်)**





# တရုတ်ပြည်သူ့အစိုးရဝန်ထမ်းစာမေးပွဲ ဖြေဆိုသူ တစ်သိန်းနီးပါးရှိ

**ပေကျင်း နိုဝင်ဘာ ၂၄**

တရုတ်ပြည်သူ့ ဝန်ထမ်းရေးရာ စီမံခန့်ခွဲရေးအဖွဲ့၏ အဆိုအရ နိုဝင်ဘာ ၂၄ ရက်က ကျင်းပခဲ့သည့် ပြည်သူ့ဝန်ထမ်း စာမေးပွဲတွင် ဖြေဆိုသူပေါင်း ၉၉၀၀၀၀ ခန့်ရှိခဲ့ပြီး ယခင်နှစ်က အဆိုပါစာမေးပွဲကို ဖြေဆိုသူပေါင်းမှာ ၁၃၀၀၀၀ ရှိခဲ့သည်ဟု ဆိုသည်။

၂၀၁၄ခုနှစ်အတွင်း တရုတ်ဗဟိုအစိုးရနှင့် ၎င်း၏လက်အောက်ခံ ဌာနအဖွဲ့အစည်းများနှင့် ဒေသခွဲများတွင် ဝန်ထမ်းအသစ် ၁၉၀၀၀ ကျော်ခန့်အပ်သွားမည်ဖြစ်ကြောင်းနှင့် ၂၀၁၃ ခုနှစ်ထက် မဆိုစလောက် လျော့နည်းသွားခဲ့ကြောင်း ပြည်သူ့ဝန်ထမ်းရေးရာ စီမံခန့်ခွဲရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။ အဆိုပါအဖွဲ့၏ ထုတ်ပြန်ချက်အရ ယခုနှစ်တွင် ဖြေဆိုသူ ၅၁ ဦးလျှင် တစ်ဦးသာ ခန့်အပ်ရွေးချယ်ခံရမည်ဖြစ်သည်။

နှစ်စဉ်ကျင်းပသည့် အဆိုပါစာမေးပွဲတွင် ဖြေဆိုသူများသည် ပင်ကိုစွမ်းရည်စစ်ဆေးမှုနှင့် မူဝါဒရေးရာ စာစီစာကုံးတစ်ပုဒ်ရေးဖြေကြရမည်ဖြစ်ပြီး အောင်မြင်သူများသည် လူတွေ့စစ်ဆေးမေးမြန်းခံကြရဦးမည်ဖြစ်သည်။

အဆိုပါစာမေးပွဲသည် ဝန်ထမ်းသစ် ခန့်အပ်မှုဆိုင်ရာတွင် ဖိအားအများဆုံးအပေးခံရသည့် စာမေးပွဲအဖြစ် သတ်မှတ်ခံထားရပြီး စာမေးပွဲဖြေဆိုရာတွင် တရားမျှတမှုရှိခြင်း၊ တည်တည်ငြိမ်ငြိမ်နှင့် လူရိုသေရှင်ရိုသေရှိသည့် အစိုးရဝန်ထမ်းအလုပ်ကို စိတ်ဝင်စားမှုကြောင့် တရုတ်နိုင်ငံတွင် နာမည်ကျော်ထင်ရှားသည့် စာမေးပွဲဖြစ်သည်။

တရုတ်ပြည်သူ့ ဝန်ထမ်းရေးရာ စီမံခန့်ခွဲရေးအဖွဲ့၏ စာရင်းဇယားများအရ ၂၀၁၂ခုနှစ် နှစ်ကုန်က တရုတ်နိုင်ငံတွင် အစိုးရဝန်ထမ်းဦးရေ ၇ ဒသမ ၀၈၉ သန်းရှိသည်ဟု သိရသည်။ **ဆင်ဟွာ။**

# အမျိုးသမီးများအတွက် သတိပြုဖွယ်ရာ သားမြတ်ကင်ဆာ

ပြည်သူများ ကျန်းမာရေး အသိပညာ ပိုမိုရရှိလာနိုင်အောင် ကျန်းမာရေး ဝန်ကြီးဌာနကသော်လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများကသော်လည်းကောင်း ပညာပေးဟောပြောပွဲများ ကျင်းပလျက်ရှိသည်။

မြန်မာနိုင်ငံတွင်သာမက ပြည်ပနိုင်ငံများတွင် အမျိုးသမီးများအတွက် အထူးသတိထားရမည့် ရောဂါမှာ သားအိမ်ခေါင်းကင်ဆာနှင့် ရင်သားကင်ဆာတို့ဖြစ်သည်။ "ရင်သားကင်ဆာနှင့်မျှော်လင့်ချက်" ခေါင်းစဉ်ဖြင့် ရင်သားကင်ဆာဆိုင်ရာ ကျန်းမာရေးဟောပြောပွဲကို နိုဝင်ဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ပန်ဒါဟိုတယ်၌ ကျင်းပသည်။

အမျိုးသမီးများသည် ရင်သားကင်ဆာကို သတိပြုမှုအားနည်းခြင်းနှင့် ဆောလျင်စွာ မသိရှိခြင်းတို့ကြောင့် ယခုလို ကျန်းမာရေးအသိပညာပေးဟောပြောပွဲ ကျင်းပရခြင်းဖြစ်ကြောင်း ပန်းလှိုင်ဆေးရုံ ဆေးဘက်ဆိုင်ရာ စီးပွားရေးဌာနမှ ဒါရိုက်တာ ဒေါက်တာ ဒေါ်သက်သက်ခိုင်က ပြောကြားသည်။

"ရင်သားကင်ဆာဆိုတာ ဖြစ်ခါစ သိသိချင်းကုသရင် ပျောက်ကင်းနိုင်တဲ့ ရောဂါဖြစ်တယ်။ အဖုအကျိတ်ထွက်ပြီး နာကျင်တယ်ဆိုရင် ကြောက်စရာမလို၊ မနာကျင်မှသာ ကင်ဆာရောဂါဖြစ်နိုင်တယ်" ဟု ပန်းလှိုင်ဆေးရုံမှ ဆေးပညာဆိုင်ရာ ဒါရိုက်တာ ပါမောက္ခ ဦးဝင်းမြင့်က ရှင်းပြသည်။

ရင်သားကင်ဆာ လက္ခဏာမှာ မွေးရာပါသားမြတ်ခေါင်း အထဲဝင်နေသည်မှလွဲ၍ သားမြတ်ခေါင်းက အထဲသို့ဝင်နေခြင်း၊ သားမြတ်နှစ်ဖက်ကို နှိုင်းယှဉ်ကြည့်လျှင် တစ်ဖက်က ပုံသဏ္ဍာန် ပြောင်းလဲနေခြင်း၊ သားမြတ်ခေါင်းတစ်ဝိုက်မှာ နှင်းခူလို လက္ခဏာရှိခြင်းတို့ ဖြစ်ကြောင်း ၎င်းကပြောပြသည်။

ရင်သားကင်ဆာသည် တခြားကင်ဆာနှင့် နှိုင်းယှဉ်လျှင် ပျောက်လုနီးပါးရှိကြောင်း၊ ရောဂါကို စောစောစီးစီးသိရှိအောင် စမ်းသပ်ဖို့လိုအပ်ကြောင်း၊ အဖုအကျိတ် ရှိ၊ မရှိကို တစ်လတစ်ကြိမ် ဓမ္မတာဖြစ်ပြီးတိုင်း မိမိဘာသာ စစ်ဆေးကြည့်သင့်ကြောင်း၊ အကျိတ်အဖုတွေ့ပြီဆိုပါက ဆရာဝန်ကို ပြသရန်လိုအပ်ကြောင်း။

တချို့အကျိတ်အဖုသည် စမ်းသပ်ရုံဖြင့် မသိနိုင်သဖြင့် မန်မိုဂရမ်ရိုက်သင့်ကြောင်း၊ အထူးသဖြင့် အသက် ၄၀ ကျော်အမျိုးသမီးများသည် တစ်နှစ်တစ်ကြိမ် မန်မိုဂရမ် ရိုက်သင့်ကြောင်း၊ ရိုးရိုးဓာတ်မှန် တစ်ကြိမ်ရိုက်၍ ဓာတ်ရောင်ခြည်သင့်နှုန်းသည် မန်မိုဂရမ် အကြိမ် ၁၀၀ ရိုက်၍ ဓာတ်ရောင်ခြည်သင့်မှုနှုန်းနှင့် တူညီသည့်အတွက် မန်မိုဂရမ်ရိုက်လျှင် ဓာတ်ရောင်ခြည်သင့်မည်ကို စိုးရိမ်စရာမလိုကြောင်း ၎င်းက ပြောကြားသည်။

မြန်မာနိုင်ငံတွင် ၁၉၉၂ ခုနှစ်ကာလက ရင်သားကင်ဆာဖြစ်သူဦးရေသည် လူ ၁၀၀၀၀ တွင် ၁၀၅ ဦးရှိပြီး ၂၀၀၀ ပြည့်နှစ်ကာလတွင် ရောဂါဖြစ်မှုနှုန်းမှာ ၁၂၅ ဦး ရှိသည်။ သေဆုံးမှုနှုန်းမှာ ၁၉၈၉-၁၉၉၀ ခုနှစ်တွင် ၃၃ ဦးနှင့် ၂၀၀၇-၂၀၀၉ ခုနှစ်တွင် ၂၃ ဦးရှိသည်။

အချက်အလက်ကို နှိုင်းယှဉ်ကြည့်လျှင် ရင်သားကင်ဆာဖြစ်မှုနှုန်း တိုးလာသော်လည်း သေဆုံးမှုနှုန်း ကျဆင်းလာပါကြောင်း၊ ရောဂါကို စောစီးစွာသိရှိပြီး အချိန်မီကုသမှုခံယူနိုင်ခြင်းကြောင့် ဖြစ်ကြောင်း ပြောပြသည်။

**(ခင်ချိုဝင်း)**

**လူကုန်ကူးသူတိုက်ဖျက်ရေး**
**လူတိုင်းကိုယ်စီသတင်းပေး**









# တက္ကသိုလ်တွေမှာ နိုင်ငံရေးသိပ္ပံသင်ကြားရေး

ဒေါက်တာမောင်သင်း(မိတ္ထီလာတက္ကသိုလ်)

ယနေ့ ကျွန်တော်တို့ချီတက်နေတဲ့ လူ့ဘောင်အဖွဲ့အစည်းက "စံပြည့်ဒီမိုကရေစီလူ့အဖွဲ့အစည်း" ဖြစ်ပါတယ်။ အဲဒီလူ့အဖွဲ့အစည်းမှာ နိုင်ငံကြီးသားစိတ်ထားကြွယ်ဝသူတွေပြည့်လျှမ်းနေရပါမယ်။ အဲဒီလို စိတ်ထားကြွယ်ဝသူတွေဖြစ်လာဖို့အတွက်တော့ ပထမအဆင့်အနေဖြင့် အခြေခံကျောင်းတွေမှာ "ပြည်သူ့နီတိ" သင်ကြားပေးရမှာမို့ ပညာရေးက ယနေ့သင်ကြားပေးနေပါတယ်။ နိုင်ငံသားတွေမှာ ပြည်သူ့နီတိကျင့်ဝတ်တွေပြည့်ဝနေရုံနဲ့လည်း မပြီးသေးပါ။ လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ပြီး တည်ငြိမ်အေးချမ်းဖို့အတွက် ပြည်သူတွေရဲ့အကျိုး စွမ်းစွမ်းတမံသယ်ပိုးမယ့် နိုင်ငံရေးသမားကောင်းတွေလည်း လိုအပ်ပါသေးတယ်။ ကျွန်တော်တို့ရဲ့ အနာဂတ်မှာ အခြေအနေအရ၊ အချိန်အခါအရ ရုတ်တရက်ပေါ်ထွန်းလာတဲ့ နိုင်ငံရေးသမားတွေအစား စနစ်တကျလေ့ကျင့်ပျိုးထောင်ပေးထားတဲ့ နိုင်ငံရေးသမားကောင်းတွေ ပေါ်ထွန်းလာဖို့ ရေရှည်စီမံထားရပါလိမ့်မယ်။

ပညာရေးဆိုတာ အနာဂတ်လူ့ဘောင်အတွက် ကြိုတင်ပြင်ဆင်တဲ့လုပ်ငန်းမို့ နိုင်ငံရေးသမား( Politician) လေ့ကျင့်ပေးရန်လည်း တာဝန်ရှိပါတယ်။ အထူးသဖြင့် အရွယ်ရောက်ပြီးသူတွေတက်တဲ့ မြန်မာ့တက္ကသိုလ်တွေမှာ နိုင်ငံရေးသိပ္ပံပညာရပ်( Political Science)ကို ဘွဲ့အပ်နှင်းနိုင်တဲ့ အထူးပြုဘာသာရပ်အနေနဲ့ သင်ကြားပေးပြီး နိုင်ငံရေးသမားကောင်းတွေ လေ့ကျင့်ပေးဖို့လိုမယ် ထင်ပါတယ်။

နိုင်ငံရေးသိပ္ပံဆိုလို့ ကျွန်တော်တို့ဆီမှာ မ. ဆ. လ ခေတ်က တက္ကသိုလ်တွေမှာ သင်ခဲ့တဲ့ နိုင်ငံရေးသိပ္ပံမျိုးတော့မဖြစ်သင့်ပါ။ အဲဒါက ပါတီတစ်ခုရဲ့ "မူဝါဒ"ပါ။ နိုင်ငံရေးပါတီတစ်ခုရဲ့ မူဝါဒသက်သက်ကိုသာ သိစေပြီး အခြား မူဝါဒတွေ၊ စနစ်တွေကို ကန့်သတ်လိုက်တာဟာ လူငယ်တွေရဲ့ နိုင်ငံရေးအသိဉာဏ်တံခါးကို ပိတ်လိုက်တာပါပဲ။ ယနေ့ သင်ကြားသင့်တဲ့ " နိုင်ငံရေးသိပ္ပံ"ဆိုတာ ဘောင်ခတ်ထားတဲ့ ပညာရပ်မဟုတ်ရပါ။

ဘာလို့လဲဆိုတော့ "ဝါဒတစ်ခုတည်းကိုသာ တညီတညွတ်လက်ခံရမည်ဆိုသော အယူအဆသည် သေးသိမ်၏။ ထိုဝါဒကိုကိုင်စွဲရင်း ညီညွတ်ရေးပျက်စီးရသော နိုင်ငံတွေများလှပြီ။ မတူသော အမြင်တွေကို ညှိညှိနှိုင်းနှိုင်းဆောင်ရွက်သော စနစ်ကြောင့် ကမ္ဘာ့သမိုင်းတစ်လျှောက်ထိုမျှလောက်မပျက်စီးဖူးပါ။ တစ်ယူသန် ဒိဋ္ဌိကြောင့် ဆိုးကျိုးတွေပေါ်ပေါက်ခဲ့သည်။ ဤဆိုးကျိုးကို ကာကွယ်ပေးရန် ကျောင်းဆရာတွင် အဓိကတာဝန်ရှိပေသည်" တဲ့။ "ဘာထရန်ရပ်ဆယ်"ရဲ့ အဆိုပါ။

မတူကွဲပြားမှုတွေကို လက်ခံနိုင်ပြီး ယနေ့ကျင့်သုံးနေတဲ့ "စားပွဲဝိုင်းယဉ်ကျေးမှုနိုင်ငံရေး"ရဲ့ ကြီးမားတဲ့တန်ဖိုးကို ဖော်ညွှန်းနေတာပါ။ ဒါကြောင့်မို့ ယနေ့ကျွန်တော်တို့တက္ကသိုလ်တွေက သင်ပေးရမယ့် နိုင်ငံရေးသိပ္ပံဆိုတာဟာ ယခင်နှင့်ယခု ဖြစ်ပေါ်နေဆဲ နိုင်ငံတကာနှင့် မြန်မာ့နိုင်ငံရေးတွေကို အခြေခံပြီး အနာဂတ်မြန်မာ့လူ့ဘောင်(မိမိနိုင်ငံရဲ့ ဖွံ့ဖြိုးရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုကို အခြေပြုတဲ့)သွားရမယ့်လမ်းကြောင်းကို ပြတ်ပြတ်သားသားမြင်နိုင်စွမ်းရှိတဲ့ နိုင်ငံရေးအရည်အသွေးမျိုး မျိုးဆက်သစ်တွေမှာ ရှိလာအောင်သင်ပေးဖို့ပါ။ နိုင်ငံနှင့် လူမျိုးရဲ့ ရှေ့ရေးအတွက်ပါ။ ဘယ်ပါတီ၊ ဘယ်အဖွဲ့အစည်းအတွက်မှ မဟုတ်ပါ။ အုပ်စုတစ်ခုခုအတွက် ဖြစ်လည်းမဖြစ်သင့်ပါ။

၁၉၈၅ ခုနှစ်မှာ ကျွန်တော်ပါရဂူဘွဲ့ယူဖို့ အနောက်ဂျာမနီကို သွားတုန်းက အဆောင်မှာ အခန်းချင်းကပ်လျက် နေတဲ့သူက နိုင်ငံရေးမဟာသိပ္ပံဘွဲ့ တက်နေသူပါ။ ယူးဂင်းဘူရဂါမိုင်စတာ (Jurgen Burgermeister) ပါ။ အဲဒီအချိန်က မြန်မာပြည်မှာ ကွန်မြူနစ်ပါတီဟာ တောတွင်းဆန့်ကျင်သူတွေပါ။ အရှေ့ဂျာမဏီကို ဘာကြောင့် အနောက်ဂျာမနီက ကူညီနေတဲ့အကြောင်း သူ့ကိုမေးတဲ့အခါမှာ "သူ့ဟာသူ ကွန်မြူနစ်ဖြစ်နေပေမယ့် တကယ်တော့ အရှေ့ဂျာမနီဟာလည်း ဂျာမန်တွေမို့ ညီရင်းအစ်ကို မောင်ရင်းနှမတွေပါပဲ။ ဒါကြောင့် ဝါဒချင်းမတူတဲ့ အရင်းရှင်အနောက်ဂျာမနီက ကွန်မြူနစ် အရှေ့ဂျာမဏီကို တစ်အူထုံ့ဆင်းညီရင်းအစ်ကို စိတ်ထားနဲ့ ကူညီတာပါတဲ့။ သွေးရင်း၊ သားရင်းစိတ်ထားက အားလုံးသော ဝါဒတွေထက်ပိုကောင်းတဲ့ နိုင်ငံရေးစိတ်ထားပါ" ဆိုပြီးရှင်းပြပါတယ်။

ကျွန်တော်က မြန်မာပြည်က ကွန်မြူနစ်တွေကို ကြည့်ပြီး ဝါဒမတူရင် လူမျိုးချင်းအတူတူတောင် ရန်သူလို့ ထင်ခဲ့တာ။ နိုင်ငံရေးသိပ္ပံ သင်ထားတဲ့သူရဲ့ "သွေးသားအရင်းလို သဘောထားရမည့် မြင့်မြတ်တဲ့ နိုင်ငံရေးဝါဒ မရှိပါ"ဆိုတဲ့ အရောင်ဆိုးထားတာကိုဖယ်ပြီး အနှစ်သာရကို ကြည့်ရမယ်ဆိုတဲ့အသိကို ရခဲ့ပါတယ်။ နိုင်ငံရေးသိပ္ပံ စနစ်တကျလေ့လာထားတဲ့ ဂျာမန်သူငယ်ချင်းနဲ့ အဲဒီဘာသာရပ်မသင်ခဲ့တဲ့ ကျွန်တော့်ရဲ့နိုင်ငံရေးအမြင် အတော်ကွာပါလားလို့ အဲဒီကတည်းက သတိပြုမိခဲ့ပါတယ်။ နိုင်ငံတကာမှာ ရာစုဝက်ကျော်ကြာအောင် သင်ကြားပေးနေတဲ့ နိုင်ငံရေးသိပ္ပံကို ယနေ့ထိ မြန်မာ့တက္ကသိုလ်တွေမှာ သင်ယူနိုင်ခြင်း မရှိသေးပါ။ နိုင်ငံတကာဆက်ဆံရေးဌာန (IR)တော့ ဖွင့်နေပါပြီ (ဒဂုံ၊ မုံရွာ၊ ရတနာပုံနှင့် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်တွေမှာ)။ နိုင်ငံရေးသိပ္ပံရဲ့အခွဲတစ်ခုပါ။ နိုင်ငံရေးသိပ္ပံ အပြည့်အစုံမဟုတ်ပါ။

သူတို့ဘာတွေသင်လဲဆိုတာ မေးကြည့်မိပါတယ်။ သူသင်ရတာက ဘွဲ့ကြိုတန်းမှာ မယူမနေရ ဘာသာရပ် (Foundation Course) တွေအနေနဲ့ သမိုင်း၊ စီးပွားရေး၊ ဥပဒေ၊ ပထဝီဝင် ဘာသာရပ်တွေနဲ့အတူ နိုင်ငံရေး ဒဿန၊ နိုင်ငံရေးသမိုင်း၊ နိုင်ငံတကာစစ်ပွဲများ၊ နိုင်ငံတကာဆက်ဆံရေး၊ နိုင်ငံရေးစနစ်များ(ဒီမိုကရေစီ၊ ဖက်ဒရယ်စနစ်၊ ပါလီမန်စနစ်၊ သမ္မတစနစ်၊ သက်ဦးစံပိုင် ဘုရင်အုပ်ချုပ်ရေး၊ အာဏာရှင်စနစ်၊ စည်းမျဉ်းခံ ဘုရင်စနစ်များ)၊ နိုင်ငံရေးဝါဒများ (အရင်းရှင်၊ ကွန်မြူနစ်၊ ဆိုရှယ်လစ်၊ ဖက်ဆစ်နှင့် နာဇီဝါဒ)၊ ပြည်သူ့အုပ်ချုပ်ရေး၊ ရွေးကောက်ပွဲများနှင့် မဲဆွယ်စည်းရုံးခြင်းအနုပညာ၊ အစိုးရအမျိုးမျိုး၊ ကမ္ဘာတစ်လွှားမှ ပါတီအမျိုးမျိုး၊ အချုပ်အခြာအာဏာ၊ ဥပဒေပြုခြင်း၊ တရားစီရင်ခြင်း၊ အာဏာခွဲဝေပုံအမျိုးမျိုး စသည်ဖြင့် သင်ကြားရတယ်လို့ မှတ်မိခဲ့ပါတယ်။

**တက္ကသိုလ်ဆိုတာ သူတည်ရှိရာအရပ်နဲ့ ဝန်းကျင်ကိုပညာမျက်စိဖွင့်ပေးရင်း နိုင်ငံတော်ရဲ့လိုအပ်တဲ့ လူ့စွမ်းအားအရင်းအမြစ်တွေကို လေ့ကျင့်ပေးနေတဲ့နေရာပါ။ အဲဒီထဲမှာ ဒီမိုကရေစီလူ့ဘောင်ကို ပြတ်ပြတ်သားသား မြင်နိုင်စွမ်းရှိတဲ့ နိုင်ငံရေးအသိပညာကြွယ်ဝသူများလည်း ပါဝင်ပါတယ်။**

နိုင်ငံရေးအမြင်ကျယ်မှုဟာ မြန်မာတွေကို "ကျွန်ဘဝ" ကနေ "သခင်ဘဝ"ကို ရောက်စေခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ ရန်ကုန်တက္ကသိုလ်ဖွင့်ပေးတဲ့ ရည်ရွယ်ချက်က ပဋိညာဉ်ခံဝန်ထမ်းလို့ခေါ်တဲ့ "ကျွန်မြို့အုပ်"နှင့် စာရေး စာချီမွေးဖို့ပါ။ ဒါပေမယ့် တက္ကသိုလ်ရောက်လာကြတဲ့ လူငယ်တွေဟာ ပညာတတ်လာကြတော့ နိုင်ငံရေးအသိအမြင် ကျယ်လာကြပါတယ်။ သူတို့တစ်တွေက တစ်ပြည်လုံးရှိ မြန်မာတွေကို နိုင်ငံရေးအမြင် ပွင့်လင်းလာအောင်ဆောင်ရွက်ပြီး အင်္ဂလိပ်ကို တော်လှန်ခဲ့ကြလို့ ကျွန်ဘဝရောက်နေတဲ့ မြန်မာတွေ သခင်ဘဝကိုပြန်ရောက်ခဲ့တာပါ။ နိုင်ငံရေးအမြင်ကျယ်တဲ့ လွတ်လပ်ရေး ဖခင်ကြီးတွေရဲ့ အသက်သွေးချွေးတွေကြောင့် မွေးကတည်းက ကျွန်တော်တို့သခင်ဘဝရောက်ခဲ့ပါတယ်။ လွတ်လပ်ရေး ခေါင်းဆောင်ကြီးတွေလိုချင်တဲ့ သခင်ဘဝက "ခပ်နိမ့်နိမ့်သခင်ဘဝ"မဟုတ်ပါ။ "ကမ္ဘာမှာ မော်ကြွားနိုင်တဲ့ သခင်ဘဝ"ပါ။ အဲဒီလိုဖြစ်ဖို့တော့ ကျွန်တော်တို့နောက်မျိုးဆက်တွေက ပိုကျယ်တဲ့နိုင်ငံရေးအသိအမြင်ရှိရပါမယ်။ သမိုင်းမှာ နိုင်ငံတကာရဲ့ နိုင်ငံရေး၊ စစ်ရေးနဲ့ စီးပွားရေးကို စိတ်ဝင်စားမှုနည်းခဲ့ကြလို့ ကျွန်တော်တို့ ကျွန်ဖြစ်ခဲ့တဲ့သင်ခန်းစာကို သတိရပြီး ယနေ့ခေတ်သစ်ကိုလိုနီဝါဒဖြစ်တဲ့ နည်းပညာနဲ့ စီးပွားရေးအရ အဝေးကနေ ကျွန်ပြုမယ့်အရေးကို ပညာအခြေပြုတဲ့နိုင်ငံရေး အမြင်နဲ့ ကြိုမြင်ပြီး နောက်တစ်ခါကျွန်ပြုမခံရအောင် ကာကွယ်ရပါလိမ့်မယ်။

တက္ကသိုလ်ဆိုတာ သူတည်ရှိရာအရပ်နဲ့ ဝန်းကျင်ကို ပညာမျက်စိဖွင့်ပေးရင်း နိုင်ငံတော်ရဲ့လိုအပ်တဲ့ လူ့စွမ်းအားအရင်းအမြစ်တွေကို လေ့ကျင့်ပေးနေတဲ့နေရာပါ။ အဲဒီထဲမှာ ဒီမိုကရေစီလူ့ဘောင်ကို ပြတ်ပြတ်သားသားမြင်နိုင်စွမ်းရှိတဲ့ နိုင်ငံရေးအသိပညာကြွယ်ဝသူများလည်း ပါဝင်ပါတယ်။ တက္ကသိုလ်ဟာ "သူ့ဒေသကတောင်းဆိုတဲ့ နိုင်ငံရေးအမြင်ကျယ်သူ ပညာတတ်များ"ကို စနစ်တကျလေ့ကျင့်ပေးရမယ့်အချိန်ပါ။ ဒုတိယကမ္ဘာစစ်ပြီးတဲ့အခါ ဂျပန်နိုင်ငံအတွင်းရှိ ကျောင်းတွေမှာ "နိုင်ငံရေးသိပ္ပံ"ကို သင်ကြားစေခဲ့ပါတယ်။ ရှေးရိုးစဉ်လာကြီးတဲ့ ဂျပန်လူမျိုးတွေက လက်မခံလို့ပါ။ ဂျပန်ပညာရေးဝန်ကြီးက "သူ့ပါတီ၊ ငါ့ပါတီအတွက် အားကောင်းမောင်းသန် ဟစ်ကြွေးနေဖို့၊ ကိုယ့်ပါတီအာဏာရဖို့အတွက်လောက်သာ ကြိုးစားဖို့မဟုတ်ပါ။ ဂျပန်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဘယ်လိုအကောင်းဆုံးဆောင်ရွက်ရမယ်ဆိုတဲ့ အမြင်နဲ့ခံယူချက် လူငယ်တိုင်းမှာရရှိစေဖို့ပါ" လို့ ရှင်းလင်းပြခဲ့ရတယ်လို့ မှတ်သားဖူးပါတယ်။ ယနေ့ ဂျပန်နိုင်ငံ ကမ္ဘာ့ထိပ်တန်းရောက်နေတာဟာ ဂျပန်လူငယ်တွေ နိုင်ငံရေးအမြင်ကျယ်ခဲ့လို့ပါ။

ယနေ့ ကျွန်တော်တို့နိုင်ငံမှာ ပါတီစုံဒီမိုကရေစီစနစ်ကို ငြိမ်းချမ်းစွာဖြင့် အကောင်အထည်ဖော်နေပါပြီ။ ပါတီအသီးသီးကို ဦးဆောင်ကြမည့် ပါတီခေါင်းဆောင်များ၊ ပါတီဝင်များ အဲဒီကမှ တစ်ဆင့်တက်လျှင် ပြည်သူ့အရွေးချယ်ခံ လွှတ်တော်ကိုယ်စားလှယ်တွေဖြစ်ကြပြီး နိုင်ငံတော်ရဲ့ အနာဂတ်ကိုဦးစီးပဲ့ကိုင် ဖြစ်လာကြမယ့်သူများမှာ ကျယ်ပြန့်ပြီးရင့်ကျက်တဲ့ နိုင်ငံရေးအမြင်ကိုပိုင်ဆိုင်ဖို့လိုပါတယ်။ အနာဂတ်မြန်မာ့နိုင်ငံရေးပါတီအသီးသီးနဲ့ ပြည်သူ့ရေးရာများကို စီမံခန့်ခွဲကြမည့်သူတွေဆီမှာ "နိုင်ငံရေးဒဿန၊ နိုင်ငံရေးစနစ်များ၊ ပထဝီဝင်နှင့် ပထဝီနိုင်ငံရေး၊ နိုင်ငံရေးဂေဟဗေဒ(Political ecology)၊ ဥပဒေ၊ ကမ္ဘာ့နိုင်ငံများ၊ မြို့ပြနိုင်ငံများ (ယနေ့ရှိနေတဲ့ မိုနာကို၊ စင်ကာပူနဲ့ ဗာတီကန်) နိုင်ငံတကာဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေများ၊ စီးပွားရေး (နိုင်ငံရေးဘောဂဗေဒအပါအဝင်)၊ သမိုင်း(ကမ္ဘာ့သမိုင်း၊ မြန်မာ့သမိုင်း၊ နိုင်ငံရေးသမိုင်း)၊ စစ်ပွဲများ၊ နိုင်ငံရေးဝါဒများ၊ နိုင်ငံတကာနိုင်ငံရေးပါတီများ၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှု၊ နိုင်ငံတကာအဖွဲ့အစည်းများ(UN, ASEAN, EU, NATO အစရှိသည်ဖြင့်) နိုင်ငံတကာအစိုးရ အဖွဲ့အစည်းများ၏ ပုံသဏ္ဌာန်များ၊ ဒီမိုကရေစီရဲ့ "အနှစ်သာရ"၊ "စံ"၊ "အကျင့်"များ၊ စားပွဲဝိုင်းယဉ်ကျေးမှုနိုင်ငံရေး (သို့) ညှိနှိုင်းဆွေးနွေးတတ်မှု အတတ်ပညာ၊ အရည်အသွေးရှိသူသာ စီမံခန့်ခွဲသည့်စနစ်(Meritocracy)၊ နိုင်ငံတကာညှိနှိုင်းဆွေးနွေးမှုများ၊ နိုင်ငံတကာဆက်ဆံရေး၊ ဖက်ဒရယ်မှု(Federalism)၊ နိုင်ငံတကာနှင့် မိမိနိုင်ငံရဲ့ အမျိုးသားရေးစံနှုန်းများ၊ တိုင်းရင်းသားပေါင်းစုံရဲ့ စီးပွားရေး၊ လူမှုရေး၊ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့" စသည်တို့ကို ပါတီစွဲ၊ ဂိုဏ်းဂဏစွဲကင်းစွာနဲ့ လေ့လာသုံးသပ်နိုင်စွမ်းရှိတဲ့ နိုင်ငံရေးပညာအခြေခံမဖြစ်မနေရှိဖို့လိုပါတယ်။

အနာဂတ်ဒီမိုကရေစီ မြန်မာ့လူမှုအဖွဲ့အစည်းကို ဦးဆောင်ကြမယ့် မျိုးဆက်သစ်တွေအနေနဲ့ မိမိဆောင်ရွက်ရမည့် နိုင်ငံရေးကိုလုပ်ငန်းခွင်ထဲရောက်မှ လေ့လာမယ့်အစား ကြိုတင်လေ့လာထားသင့်ပါတယ်။ လေ့လာသင်ယူနိုင်တဲ့ အခွင့်အရေးရအောင်လည်း ယနေ့မြန်မာ့ပညာရေးက စီမံပေးရပါလိမ့်မယ်။ အဲဒီလိုမဟုတ်ဘဲ လက်တွေ့နိုင်ငံရေးကို ဆောင်ရွက်တဲ့အခါကျမှသာ လေ့လာဆည်းပူးမယ်ဆိုရင် နိုင်ငံရေးအစာမကြေဖြစ်ပြီး နိုင်ငံဆိုးကျိုးကြုံရတဲ့အဖြစ်မျိုးရောက်မှာ စိုးရိမ်မိပါတယ်။ ဒါကြောင့်မို့ "နိုင်ငံရေးသိပ္ပံဘာသာရပ်" နဲ့ ယင်းနဲ့ဆက်စပ်နေတဲ့ ပညာရပ်တွေမှာ ကျွမ်းကျင်ပိုင်နိုင်ဖို့လိုပါတယ်။ နိုင်ငံရေးပညာတွေကျွမ်းကျင်လို့ ကျယ်ပြန့်တဲ့အမြင်ရှိလာပြီဆိုရင် သဘောထားကြီးမှုတွေ၊ နားလည်မှုတွေ၊ စာနာမှုတွေ၊ ညီညွတ်စိတ်ထားတွေနဲ့အတူ တိုင်းပြည်နှင့် လူမျိုးနိမ့်မှာစိုးရိမ်ပြီး မိမိလူမျိုးနဲ့နိုင်ငံကို မြင့်တင်လိုစိတ်၊ ဂုဏ်တက်အောင် စွမ်းဆောင်ချင်တဲ့စိတ်ထားတွေပါ ပြည့်ဝလာပါတယ်။

လွတ်လပ်ရေးဖခင်ကြီးတွေ နိုင်ငံရေးအမြင်ကျယ်ခဲ့လို့ ကျွန်တော်တို့ (အင်္ဂလိပ်နှင့် ဂျပန်လက်ကရုန်းထွက်ပြီး) လွတ်လပ်တဲ့ သခင်ဘဝရနေတာပါ။ နောက်မျိုးဆက်ဆိုတာ အရင်မျိုးဆက်ထက်သာရမှာမို့ ကျွန်တော်တို့ကသူတို့ရဲ့ သားစဉ်မြေးဆက်ပီပီ နိုင်ငံရေးအတွေးအမြင် ပိုမိုမြင့်မားဖို့လိုပါတယ်။ ဒါမှသာ အနာဂတ်မှာ နိုင်ငံရေးအရည်အသွေးပြည့်ဝသူသာ စီမံခန့်ခွဲတဲ့ တိုင်းပြည်အဆင့်ရောက်ပြီး ကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးမှုလမ်းကြောင်းပေါ်မှာ မြန်မာတွေအနေဖြင့် အားမာန်ဝင့်ဝင့် လျှောက်လှမ်းနိုင်တဲ့ဘဝရောက်မှာပါ။ အဲဒါဟာ လွတ်လပ်ရေးဖခင်ကြီးတွေ တောင့်တခဲ့တဲ့ ဂုဏ်ရှိန်တင့်တဲ့သခင်ဘဝပါ။ သို့ပါ၍ အနာဂတ်ဒီမိုကရေစီလူ့ဘောင်ကို ကောင်းမွန်စွာပဲ့ကိုင်နိုင်မည့် နိုင်ငံရေးအသိပညာကြွယ်ဝသူ နိုင်ငံရေးသမားကောင်းများမွေးထုတ်ပေးနိုင်ရန် ဘယ်ပါတီ၊ ဘယ်ဝါဒ၊ ဘယ်အုပ်စုရဲ့ အလွှမ်းမိုးခံမဟုတ်တဲ့ နိုင်ငံတကာအဆင့်မီ "နိုင်ငံရေးသိပ္ပံပညာ" ကို မြန်မာ့တက္ကသိုလ်တွေက အထူးပြုဘာသာရပ်တစ်ခုအဖြစ် မဖြစ်မနေသင်ကြားဖြည့်ဆည်းပေးဖို့ လိုအပ်တဲ့အချိန်လို့မြင်မိပါတယ်။ ။

## သင်ခန်းစာယူတော်မူ

☆ နယ်ချဲ့သမား၊ လောဘသားတို့၊ လိုလားကြံစည်
မြန်မာပြည်သို့၊ စစ်ချီတိုက်ခိုက်၊ သိမ်းပိုက်သုံးကြိမ်
တိုဂ္ဂဏ်သိမ်ကို၊ မေ့မှိန်စေတာ နယ်ချဲ့။

☆ ဘုံဘေဘားမား၊ သစ်ခိုးထား၍၊ ငွေသားဒဏ်တပ်
မခံရပ်နိုင်၊ သုံးကြိမ်တိုင်သော၊ အပိုင်စစ်ပွဲ
ဇွတ်ဆင်နွှဲသည်၊ မိုက်မဲလှသည့် ကိုလိုနီ။

☆ သီပေါဘုရင်၊ ရေမြေရှင်ကို၊ ယူငင်ဖမ်းဆီး
ရေယာဉ်စီး၍၊ ခရီးဝေးကွာ၊ ရတနာဂီရိ
ပို့ဆောင်ဘိသည်၊ ရာပြည့်ကျော်လွန် နှစ်ဆယ့်ရှစ်။

☆ ကျွန်းသစ်ရေနံ၊ စပါးဆန်နှင့်၊ ဖိုးတန်ကျောက်မျက်
မြန်ပြည်ထွက်ကို၊ ဝကွက်မထား၊ သိမ်းယူသွားသည်
တို့များခုတိုင် မြင်ယောင်သေး။

☆ တိုင်းပြည်ကိုထိ၊ မချိအောင်နာ၊ တို့မြန်မာတို့
ရရာလက်နက်၊ စွဲကိုင်ထွက်သည်၊ အသက်စတေး
လွတ်လပ်ရေးမို့၊ သွေးမြေကျခံ၊ နယ်ချဲ့ရန်ကို
တော်လှန်ခဲ့တာ ပြည်သူ့စစ်။

☆ ကမ္ဘာတိုင်တည်၊ တို့မြန်ပြည်ကို၊ ခွန့်ရှည်ဝပြော
စည်ပြောသံသာ၊ ကင်းကွာမည်းစက်
ထွန်းပြောင်လက်အောင်
စဉ်ဆက်တာဝန်ယူကြစို့။ ။

မောင်ကျေးရူး

## ယာဉ်လုပ်သားများအချင်းချင်းနှင့် ယာဉ်စီးခရီးသည်များ စည်းကမ်းလိုက်နာသင့်

ရန်ကုန် နိုဝင်ဘာ ၂၄

လမ်းအသုံးပြုနေကြသော ယာဉ်လုပ်သားများအချင်းချင်းနှင့် ယာဉ်စီးခရီးသည်များ စည်းကမ်းလိုက်နာသင့်သည်ဟု မထသ(ဗဟို)မှ တာဝန်ရှိသူများ၏ ပြောချက်အရ သိရသည်။

အဆိုပါ ယာဉ်လုပ်သားများအချင်းချင်း စည်းကမ်းလိုက်နာမှုများအားနည်းခြင်းနှင့် စပ်လျဉ်း၍ မထသ(ဗဟို)မှ ဥက္ကဋ္ဌ ဦးလှအောင်က "ပြည်သူတွေသွားလာနေတဲ့ယာဉ်တွေကို လမ်းပေးရမယ့်ကိစ္စပါ။ တစ်ခါတလေ ဘီအမ်ကားတွေက လူကူးမျဉ်းကျားပေါ်ထိကို ရောက်နေတယ်။ မထသယာဉ်တွေက မှတ်တိုင်မှာ ဖယ်ရပ်ပေးတဲ့အတွက် နောက်ယာဉ်တွေက ရှောရှောရှူရှူသွားလို့ရကြပါတယ်။ မထသယာဉ်လိုင်းက ယာဉ်တွေက မှတ်တိုင်ကနေလည်း ပြန်ထွက်မယ်ဆိုရော နောက်ယာဉ်က ခေါင်းတည်ပြီးရပ်လိုက်တော့ ထွက်ဖို့ခက်သွားရော၊ အခုဆိုရင် လမ်းဘေးမှာ ကရိန်းကားနဲ့ဆွဲရတာတွေ ဖြစ်လာပါပြီ။ ကိုယ့်စည်းကမ်းကိုယ်လိုက်နာသင့်ပါတယ်"ဟု ပြောကြားသည်။

"နောက်တစ်ခုက ခရီးသည်တွေကိုလည်း မှတ်တိုင်မှာပဲ စောင့်ကြစေချင်ပါတယ်။ ခရီးသည်တွေအားလုံးက မှတ်တိုင်မှာနေမှ အကူအညီပေးရာရောက်မယ်။ ဒါတွေကို ယာဉ်လုပ်သားတွေကလည်း ပြောလာပါပြီ။ ကမ္ဘာအေးစေတီလမ်းမှတ်တိုင်မှာဆိုရင် မှတ်တိုင်ကဒီအတိုင်းပဲ၊ ခရီးသည်တွေက ကြုံတဲ့နေရာကနေတက်ကြတယ်လေ။ ဒါကြောင့် ခရီးသည်တွေကိုလည်း မှတ်တိုင်မှာပဲ စောင့်ပြီး ကူညီစေချင်ပါတယ်"ဟု ဆက်လက်ပြောကြားခဲ့သည်။

(ဝ၄ဝ)

# ဗဟိုသမဝါယမအသင်းလီမိတက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ



**ရန်ကုန် နိုဝင်ဘာ ၂၄**

ဗဟိုသမဝါယမအသင်းလီမိတက်ကို ဖွဲ့စည်းခဲ့သည်မှာ သက်တမ်း ၁၀ နှစ်ကျော်ခဲ့ပြီဖြစ်ကြောင်း၊ အဆိုပါသက်တမ်းအတွင်း အခက်အခဲများ၊ စိန်ခေါ်မှုများကိုရင်ဆိုင်ကျော်လွှားပြီး ယနေ့တွင် အသင်းဝင် အသင်းပေါင်း ၄၃၈ သင်းနှင့် ခိုင်မာစွာရပ်တည်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ထို့ပြင် ပို့ကုန်သွင်းကုန်လုပ်ငန်း၊ အသင်းများနှင့် အကျိုးတူလုပ်ငန်း၊ အသေးစားချေးငွေလုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိပြီး တစ်ဖက်ကလည်း သမဝါယမအသင်းများ ဖွဲ့စည်းရေး၊ ပညာပေးရေးနှင့် နိုင်ငံတကာသမဝါယမအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့ရကြောင်း၊ ထိုက်သင့်သည့် အတိုင်းအတာနှင့် အောင်မြင်မှုများရရှိနေသည်ကို တွေ့ရသည့်အတွက် ဒါရိုက်တာများ၏ ကြိုးပမ်းဆောင်ရွက်မှု၊ စေတနာနှင့် စွမ်းဆောင်ရည်တို့ကို အသိအမှတ်ပြုကျေးဇူးတင်ပါကြောင်းဖြင့် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ သမဝါယမစီးပွားရေးဗဟိုဌာနရှိ ကျင်းပသည့် ဗဟိုသမဝါယမအသင်းလီမိတက်၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးတွင် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်ဆန်းက ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးလုပ်ငန်းစဉ် (၈)ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်သမ္မတကြီးက "သမဝါယမအသင်းများထူထောင်ပြီး အခြေခံပြည်သူများလိုအပ်နေသည့် ငွေကြေးအရင်းအနှီး၊ ပစ္စည်းအရင်းအနှီးနှင့် ဈေးကွက်ကိုဖန်တီးပေးကာ ပြည်သူများ၏ ဆင်းရဲမှုကိုလျှော့ချရန်နှင့် သမဝါယမသည် တိုင်းပြည်စီးပွားရေး၏ ဒုတိယမဏ္ဍိုင်ဖြစ်သည်နှင့်အညီ တိုင်းပြည်စီးပွားရေးကို ထိထိရောက်ရောက် အထောက်အကူပြုနိုင်အောင် ကြိုးပမ်းဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ကြောင်း၊ ထို့ကြောင့်မိမိတို့ သမဝါယမဝန်ကြီးဌာနအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားဘဝမြှင့်တင်ရေးနှင့် ဆင်းရဲမှုလျှော့ချရေး၊ တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ချက် နှစ်ရပ်နှင့် လုပ်ငန်းစဉ်(၅)ရပ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့အနေဖြင့် ဝန်ကြီးဌာန၏ သမဝါယမလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် ပြုပြင်ပြောင်းလဲရေးမူ (၄)ချက်နှင့်အညီ လိုက်ပါပြုပြင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဗဟိုသမဝါယမအသင်း လီမိတက်သည် သမဝါယမအသင်းအားလုံး၏ အကြီးအကဲ Apex Body ဖြစ်ကြောင်း၊ နိုင်ငံတကာ၌ အသင်းအားလုံးကို ကိုယ်တိုင် စီးပွားရေးလုပ်ငန်း လုပ်ကိုင်ခြင်းမပြုဘဲ ထိန်းကျောင်းကြပ်မတ်ကွပ်ကဲခြင်း၊ စည်းရုံးပညာပေးခြင်း၊ ပံ့ပိုးကူညီခြင်းများကိုသာ ဆောင်ရွက်ကြကြောင်း၊ သို့မှသာ အသင်းအားလုံးကို မှန်ကန်စွာ ဦးဆောင်ဦးရွက်ပြုနိုင်မည်ဖြစ်ကြောင်း၊ ဗဟိုသမဝါယမအသင်းလီမိတက်အနေဖြင့်လည်း မိမိ၏ အနာဂတ်လုပ်ငန်းစဉ်များကို သမဝါယမဝန်ကြီးဌာနက ဆောင်ရွက်နေသည့် အနာဂတ်တွင် ဆက်လက်ဆောင်ရွက်မည့် မူဝါဒလုပ်ငန်းစဉ်များနှင့် သဟဇာတဖြစ်အောင်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းစဉ်(၅)ရပ်အနက် Microfinance လုပ်ငန်းနှင့် သမဝါယမအသင်းများ အဆင့်မြှင့်တင်ရေးလုပ်ငန်းများကို အဓိကအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

အောင်မြင်နေသော နိုင်ငံတကာ သမဝါယမလုပ်ငန်းများကို လေ့လာပြီး မိမိတို့၏ သမဝါယမလုပ်ငန်းများ၊ အနာဂတ်ရှင်သန်အောင်မြင်စေရေးအတွက် သမဝါယမအသင်းအသီးသီး၏ ဖွဲ့စည်းမှု၊ လုပ်ငန်းအလိုက် အသင်းအဆင့်ဆင့် ဖွဲ့စည်းမှုတို့သည်လည်း အရေးကြီးသောကြောင့် အသင်းများ ဖွဲ့စည်းပုံကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ယနေ့အချိန်အခါသည် သမဝါယမလုပ်ငန်းများ ပြန်လည်ရှင်သန်အောင်မြင်ရေးအတွက် အခွင့်အခါကောင်းအချိန်ဖြစ်သော်လည်း သမဝါယမဝန်ကြီးဌာနတစ်ခုတည်းနှင့်ဆောင်ရွက်ရန် မအောင်မြင်နိုင်သည့်အတွက် ဗဟိုသမဝါယမအသင်းလီမိတက်နှင့်တကွ အသင်းအားလုံးက တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြမှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ချမှတ်ပေးသော မူဝါဒများ၊ လုပ်ငန်းစဉ်များဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ကြပါဟု တိုက်တွန်းပြောကြားသည်။

ထို့နောက် သဘာပတိဗဟိုသမဝါယမအသင်း လီမိတက်ဥက္ကဋ္ဌ ဦးခင်မောင်အေးက "ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးကို နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် ဦးစီးဆောင်ရွက်လျက် လုပ်ငန်းအကောင်အထည်ဖော်မှုများသည်လည်း အတိုင်းအတာတစ်ခုအထိ ရောက်ရှိနေပြီဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးကို ဆောင်ရွက်ရာတွင် သမဝါယမသည် အရေးပါသည့်အခန်းကဏ္ဍက ပါဝင်ဆောင်ရွက်နေကြောင်းဖြင့်ပြောကြားသည်။

ယင်းနောက် အသင်းမှတာဝန်ရှိသူများက ဒါရိုက်တာအဖွဲ့၏လုပ်ငန်းအစီရင်ခံစာ၊ နှစ်ချုပ်ဘဏ္ဍာရေးအစီရင်ခံစာ၊ အကျိုးငွေခွဲဝေပေးခြင်း၊ စာရင်းစစ်အစီရင်ခံစာ၊ အကြံပြုဆွေးနွေးချက်များကို တင်ပြကြပြီး အတည်ပြုချက်ရယူကာ သဘာပတိကနိဂုံးချုပ်အမှာစကားပြောကြားသည်။ ထို့နောက် (၆) နှစ်မြောက် အသေးစား ငွေရေးကြေးရေးလုပ်ငန်း ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပသည်။ **(သတင်းစဉ်)**



အရှေ့တောင်အာရှ(၁၀)နိုင်ငံအလံများနှင့် မီးအလင်းရောင်(လိုက်တင်)များ ဖွင့်ပွဲပိတ်ပွဲအတွက် ဖျော်ဖြေပွဲများ နေ့စဉ် ဝဏ္ဏသိဒ္ဓိအားကစားကွင်းကြီး၌ လေ့ကျင့်လျက်ရှိသည်ကို နိုဝင်ဘာ ၂၄ ရက်ညကတွေ့ရစဉ်။ သန်းနိုင်(ဇမ္ဗူသီရိ)

## ဘုရင့်နောင်လမ်းဆုံခုံးကျော်တံတား တတိယအလွှာ မော်တော်ယာဉ်များစတင်ဖြတ်သန်း

**ရန်ကုန် နိုဝင်ဘာ ၂၄**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သမိုင်းဘူတာရုံလမ်းနှင့် ဘုရင့်နောင်လမ်းဆုံရှိ ဘုရင့်နောင်လမ်းဆုံ ခုံးကျော်တံတား တတိယအလွှာ(သမိုင်းဘူတာရုံလမ်းအပိုင်း) မော်တော်ယာဉ်များ စတင်ဖြတ်သန်းခြင်း အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါတံတား တတိယအလွှာ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေသည် ခုံးကျော်တံတား တတိယအလွှာ (သမိုင်းဘူတာရုံလမ်းအပိုင်း)မှ စတင်ဖြတ်သန်းသည့် မော်တော်ယာဉ်များကို တံတားဖြတ်သန်းခြင်း အထိမ်းအမှတ်လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



## တောင်သူလယ်သမား(လယ်ယာကဏ္ဍ)သီချင်းရေးပြိုင်ပွဲ ဖိတ်ခေါ်

**နေပြည်တော် နိုဝင်ဘာ ၂၄**

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် တောင်သူလယ်သမား (လယ်ယာကဏ္ဍ) (FARMER CHANNEL) ပြိုင်ပွဲဝင် တေးသီချင်းများကို ဖိတ်ခေါ်လျက်ရှိရာ တေးသီချင်းများကို မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ ကြီးကြပ်မှုဖြင့် လက်ခံလျက်ရှိသည်။

အဆိုပါပြိုင်ပွဲဝင်သီချင်းများထဲမှ ဆုရွေးချယ်ရေးအဖွဲ့က စနစ်တကျရွေးချယ်ပြီး ပထမဆုကျပ်သိန်း ၅၀၊ ဒုတိယဆုကျပ်သိန်း ၃၀၊ တတိယဆုကျပ်သိန်း ၂၀ နှင့် အထူးဆု ခုနစ်ဆုကို တစ်ဆုလျှင် ကျပ်ငါးသိန်းချီးမြှင့်မည် ဖြစ်သည်။

ပြိုင်ပွဲဝင်လိုသူများသည် သီချင်းစာသား၊ ဂီတသင်္ကေတနှင့် (UDIO-CD) နှစ်ချပ်တို့ကို မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) အမှတ်(၂) ဓမ္မဒါနလမ်း နတ်ချောင်းရပ်ကွက် တာမွေမြို့နယ် ရန်ကုန်မြို့ ဖုန်း - ၀၁-၅၄၅၈၆၃၊ ၀၁-၅၅၁၃၃၀၊ ၀၁-၅၄၅၈၆၂ တို့သို့ ဒီဇင်ဘာ ၃၁ ရက်နောက်ဆုံးထား၍ ပေးပို့ယှဉ်ပြိုင်နိုင်ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

## ကံမမြို့တွင် မြစ်ကမ်းပါးမြေပြို

**ကံမ နိုဝင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့ မြစ်ကမ်းတစ်လျှောက် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးမြေပြိုခြင်းများ ယခုရက်ပိုင်းအတွင်း အဆက်မပြတ် ဖြစ်ပွားခဲ့ရာ ယနေ့အချိန်၌ မြစ်ကမ်းပါးသည် အမှတ်(၃) ရပ်ကွက် မဒေးဝရပ်တွင် လူနေအိမ်များနှင့် အလွန်နီးကပ်လာပြီး စိုးရိမ်ရသည့် အခြေအနေသို့ ရောက်ရှိနေသည်။ အဆိုပါ ကမ်းပါးပြိုခြင်းနှင့်အတူ မြေသားနိမ့်ကျခြင်းများလည်း ဖြစ်ပေါ်နေရာ ဆိပ်ကမ်းကုန်တင်ကုန်ချအလုပ်သမားများရုံး တစ်ရုံး အချိန်မီပြောင်းရွှေ့နိုင်ခဲ့သော်လည်း ရပ်ကွက်နေပြည်သူများ စိုးရိမ်ပူပန်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

## MRTV-4 ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၅-၁၁-၂၀၁၃ (တနင်္လာနေ့)

| | |
|---|---|
| ၅း၄၀ | "အခြေခံနဲ့အဖြေမှန်" (အပိုင်း-၁) တရားတော် (အောင်စကြာဆရာတော်ဘဒ္ဒန္တစန္ဒသူရိယ) |
| ၁၀း၀၀ | ခေတ်သစ်ပျိုမေ |
| ၂း၂၀ | World of Knowledge (Megafactories Learjec) |
| ၅း၁၀ | Minute to Win It |
| ၆း၂၀ | **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ချစ်သမီးလေး" (အပိုင်း-၂၂) |
| ၇း၁၅ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ပန်းနုသွေး"(အပိုင်း-၁၁) |

# ဖျာပုံခရိုင် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၄**

မွေးမြူရေးနှင့် ရေလုပ်ငန်းဆပ်ကော်မတီ (delivery unit) ဥက္ကဋ္ဌ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးသည် နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် ဖျာပုံမြို့ခန်းမ၌ ဌာနဆိုင်ရာများ၊ မြို့နယ်/ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီများ၊ မြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် တစ်ဦးချင်းဝင်ငွေတိုးမြှင့်လာစေရေး၊ သဘာဝပတ်ဝန်းကျင်သယံဇာတထိန်းသိမ်းရေး၊ စားနပ်ရိက္ခာ ဖူလုံစေရေးနှင့် ဘေးကင်းလုံခြုံသော အစားအသောက်ဖြစ်စေရေး၊ ထုတ်ကုန်လုပ်ငန်းများ အရည်အသွေးမြှင့်တင်ရေးကိစ္စရပ်များနှင့် ပတ်သက်ပြီး ဆွေးနွေးပြောကြားပြီး တက်ရောက်လာသူများ၏ မေးမြန်းဆွေးနွေးခဲ့မှုများကို ပြန်လည်ရှင်းလင်းပြောကြားသည်။

ထို့နောက် ဘိုကလေးမြို့၌ အကောင်အထည်ဖော်လျက်ရှိသည့် ပုဂ္ဂလိက ငါးရှဉ့်မွေးမြူရေးလုပ်ငန်းကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ပြင်သစ်-မြန်မာသံတမန်ဆက်ဆံရေး အထိမ်းအမှတ် တေးဂီတဖျော်ဖြေပွဲ

**မန္တလေး နိုဝင်ဘာ ၂၄**

ပြင်သစ်-မြန်မာသံတမန်ဆက်ဆံရေး (၆၅)နှစ်ပြည့်အထိမ်းအမှတ် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နိုင်ငံတော်သံစုံတီးဝိုင်း၊ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံရုံးနှင့် ပြင်သစ်နိုင်ငံမှ ကလိုရို့ဂီတအဖွဲ့တို့ ပူးပေါင်းတင်ဆက်သည့် အိပ်မက်အစီအစဉ် ၂၀၁၃ တေးဂီတဖျော်ဖြေပွဲကို နိုဝင်ဘာ ၂၃ ရက် ည ၇ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် (၆၆)လမ်းရှိ အမျိုးသားကဇာတ်ရုံ၌ ကျင်းပသည်။

တေးဂီတဖျော်ဖြေပွဲသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖျော်ဖြေပွဲတွင် မြန်မာနိုင်ငံတော် သံစုံတီးဝိုင်းနှင့် ပြင်သစ်နိုင်ငံမှ ကလိုရို့ဂီတအဖွဲ့တို့၏ ဖျော်ဖြေတင်ဆက်မှုများ၊ ဂီတစာဆို တီးဝိုင်းခေါင်းဆောင်က Handel and Back တို့၏ ကျော်ကြားလှသော ဂီတများနှင့် သူမကိုယ်တိုင်ရေးဖွဲ့သီထားသော ဂီတသံစဉ်များ အပါအဝင် အိပ်မက်အစီအစဉ် ၂၀၁၃ကို ဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# ပဲခူး၌ ဆင်နင်း၍ သေဆုံး

**ပဲခူး နိုဝင်ဘာ ၂၄**

ပဲခူးမြို့ ဝါးမရမ်းအုပ်စု ဆပ်ချောင်းကျေးရွာ ဒေါ်ကျင်မေ၏ ရော်ဘာခြံ၌ အလုပ်သမား အောင်မြတ်နှင့် ဇနီးမကေသီမြင့်တို့သည် နိုဝင်ဘာ ၂၃ ရက်က နေအိမ်ဝါးတဲပေါ်တွင် အိပ်ပျော်နေစဉ် အမြင့် ကိုးပေခန့်နှင့် ခုနစ်ပေခန့်ရှိ ဆင်နှစ်ကောင် ရောက်လာကာ တဲအိမ်အမိုးအား ဖျက်ဆီးခဲ့ရာ အောင်မြတ်မှာ တဲပေါ်မှ ခုန်ချ၍ လျှိုအတွင်းသို့ ထွက်ပြေးလွတ်မြောက်သွားပြီး မကေသီမြင့်မှာ ဆင်နင်းခံရသဖြင့် ဝဲဘက်မျက်စိထွက်၊ ခန္ဓာကိုယ်ညိုမည်းဒဏ်ရာများနှင့် ကိုယ်ဝန် (ခုနစ်လခန့်)သည်လည်း ပျက်စီးကာ သေဆုံးသွားသဖြင့် ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ် ရင်ခွဲစစ်ဆေးပေးရန် ပဲခူးဆေးရုံကြီးသို့ ရဲဆေးစာပေးပို့ထားရှိကာ အမှုဖွင့်ထားကြောင်း သိရသည်။

**(ရွှေဘုန်းအောင်)**

# သီပေါမြို့နယ်၌ ယာဉ်တိုက်မှုဖြစ် တစ်ဦးသေဆုံး၊ သုံးဦးဒဏ်ရာရ

**သီပေါ နိုဝင်ဘာ ၂၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပန်စောက်မိန်းကျေးရွာ မန္တလေး-လားရှိုး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် (၁၃၃/၄) တွင် နိုဝင်ဘာ ၂၀ ရက် ညနေ ၃ နာရီက လားရှိုးမှ မန္တလေးသို့သွားသည့် ယာဉ်မောင်း ပြည့်စုံဦး(၂၃)နှစ် မောင်းနှင်လာသော ၂၂ ဘီး ယာဉ်အမှတ် ၉ဂ/. . . နှင့် သီပေါမှ လားရှိုးသို့သွားမည့် ယာဉ်မောင်း အောင်ဇော်ထွေး(၃၃) နှစ် မောင်းနှင်သော လေးလုံးထိုး ထော်လာဂျီ ယာဉ်အမှတ် ၉၅/. . . သည် တစ်ဖက်ယာဉ်ကြောအတွင်းသို့ အရှိန်ပြင်းစွာ ဝင်ရောက်တိုက်မိသဖြင့် ၂၂ ဘီးယာဉ်၏ဝဲဘက်ခြမ်း ကားခေါင်းမှန်ကွဲ၍ တံခါးပေါင် ပျက်စီးသွား ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကာလအတွင်း ကုန်ပစ္စည်းကြော်ငြာများ ထည့်သွင်းရန်အတွက် ဖိတ်ခေါ်ခြင်း

၁။ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ငွေဆောင်ကမ်းခြေတို့ တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားနှင့် ပြိုင်ပွဲများ ကျင်းပမည့် အားကစားကွင်း၊ အားကစားရုံများ၊ ရေကူးကန်များတွင် ပြိုင်ပွဲ အထိမ်းအမှတ် Logo နှင့် Mascot အရုပ်များ ပါဝင်သည့် ကုန်ပစ္စည်း ကြော်ငြာဘုတ်များ၊ ပိုစတာများ၊ A ဘုတ်များ၊ Banner များ စသည်တို့ကို ကြော်ငြာစိစစ်ခွင့်ပြုသွားမည်ဖြစ်ပါသည်။

၂။ စိတ်ပါဝင်စားသူများအနေဖြင့် နေပြည်တော် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာ ဦးစီးဌာန အားကစားကွင်း၊ အားကစားရုံဌာနခွဲ (ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းအတွင်း D-23၊ ဖုန်း- ၀၆၇- ၄၁၃၈၃၅၊ ၀၉-၄၂၀၇၀၅၄၇၈)တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း အသိပေးကြော်ငြာ အပ်ပါသည်။

**(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ**

# မဟာအောင်မြေမြို့နယ်တွင် ဓားခုတ်ခံရ၍ နှစ်ဦးသေ

**မန္တလေး နိုဝင်ဘာ ၂၄**

မဟာအောင်မြေမြို့နယ် (၃၈) လမ်းနှင့် (၃၉) လမ်းကြား၊ (၈၂) လမ်းနှင့် (၈၃) လမ်းကြား၊ အကွက် (၅၂၇) စိမ်းပေါင်ချောင်ရပ် အိမ်အမှတ် (၄၈၅/၃) တွင် နိုဝင်ဘာ ၂၄ ရက် မွန်းလွဲ ၁ နာရီခန့်က ဓားခုတ်ခံရပြီး နှစ်ဦးသေဆုံးကြောင်း သိရသည်။ ဖြစ်စဉ်ကြောင့် ကိုဇော်ဇော်လတ်(ခ)ပေတိုး အသက်(၃၀)နှစ်ခန့်နှင့် ဦးမြင့်သိန်း အသက်(၅၀)နှစ်ခန့်တို့တွင် လည်ပင်းပြတ်ရှဒဏ်ရာ၊ ဝဲနှင့်ယာလက်ပြတ်ရှဒဏ်ရာ၊ ရင်ဘတ်ပြတ်ရှဒဏ်ရာတို့ဖြင့် ဒဏ်ရာအသီးသီးရရှိရာ ဦးမြင့်သိန်းမှာ နေရာတွင်ပင် ရရှိသောဒဏ်ရာဖြင့် သေဆုံးပြီး ဇော်ဇော်လတ်(ခ) ပေတိုးမှာ ရရှိဒဏ်ရာဖြင့် နေအိမ်အပြင်ဘက်သို့ထွက်ပြေးပြီး နေအိမ်မှပေ ၃၀ ခန့်အကွာတွင် သေဆုံးနေကြောင်း အခင်းဖြစ်ပွားရာတွင် စစ်ဆေးနေသော ရဲတပ်ဖွဲ့ထံမှသိရသည်။

သေဆုံးသူများမှာ အဆိုပါနေအိမ်တွင် ငှားရမ်းနေထိုင်ကြသူများဖြစ်ပြီး လောင်းကစားများ နေ့စဉ်လုပ်ဆောင်သည်ကို မြင်တွေ့ကြောင်း ရပ်ကွက်နေပြည်သူတစ်ဦးကပြောကြားသည်။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်ပြီး သေဆုံးသူ ဇော်ဇော်လတ်(ခ)ပေတိုး၏ ဖခင်ဖြစ်သူ ဦးစိုးမြင့်က အမှတ်(၇)ရဲစခန်းတွင် တရားလိုအဖြစ် တိုင်တန်းထားရာ အဆိုပါရဲစခန်းမှ (ပ) ၇၈၁/ ၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၀၂ ဖြင့်အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၀၀၂)**













# ကန့်ကွက်နိုင်ကြောင်းအများသိစေရန်သတိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၁၄၇)ရပ်ကွက်၊ အောင်မြင့်မိုရ်လမ်း၊ အမှတ်(၇၈၃)ဟုခေါ်တွင်သော ဦးကျော်မြ (AC- ၂၀၆၂၄၇) အမည်ဖြင့် အလျားပေ၄၀×အနံပေ ၆၀ ရှိပါမစ်မြေကို ဆက်စပ်စာချုပ်အရ တရားဝင် လက်ဝယ်ပိုင်ဆိုင်သူ ဦးမျိုးစံ [၁၀/မလမ(နိုင်)၀၀၁၄၅၉]ထံမှ အပြီးအပိုင် ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးအပ်ထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ တရားဝင်စာရွက်စာတမ်း အထောက်အထားစုံလင်စွာဖြင့် လာရောက်ကန့်ကွက်နိုင် ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်း မရှိပါက အရောင်း အဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ကိုဦး (LL.B, DBL)
အထက်တန်းရှေ့နေ(စဉ်-၂၉၁၄၁)
အမှတ်(၃၇၇၂)၊ သာယာအေးလမ်း၊
(၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

## (တင်ဒါအမှတ်-၄)

ဧရာဝတီတိုင်းဒေသကြီး၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၄)၊ ညောင်တုန်းမြို့မှ ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်သည့် လမ်းခင်းပစ္စည်းများကို (မြန်မာကျပ်ငွေဖြင့်)ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | ပေးသွင်းရမည့်နေရာ |
|---|---|---|---|
| ၁။ | စိန်တောင်ကျောက်ရွယ်စုံ | ၁၇ကျင်း | ကျောင်းကုန်း-သုံးခွလမ်း |
| ၂။ | မြစ်သဲ | ၃၃ကျင်း | ကျောင်းကုန်း-သုံးခွလမ်း |
| ၃။ | ၆"-၉"(ငှက်ပေါက်) | ၂၆၆ကျင်း | ကျောင်းကုန်း-သုံးခွလမ်း |
| ၄။ | ၃/၈"-½"(မန္တလေး) | ၅. ၂၅ကျင်း | ညောင်တုန်း-တာကွေ့လမ်း |
| ၅။ | ၆"-၉" (ထုံးဘို) | ၄၇ကျင်း | ကျွန်းထိပ်-ရုံးဒေါင့်-တောင်ဘို့ကြီးလမ်း |
| ၆။ | မြစ်ကျောက်စရစ် | ၂၀. ၅ကျင်း | ကျွန်းထိပ်-ရုံးဒေါင့်-တောင်ဘို့ကြီးလမ်း |
| ၇။ | ၆"-၉" (ငှက်ပေါက်) | ၄၀၀ကျင်း | မအူပင်-မော်လမြိုင်ကျွန်းလမ်း |
| ၈။ | မြစ်ကျောက်စရစ် | ၃၃၇ကျင်း | မအူပင်-မော်လမြိုင်ကျွန်းလမ်း |
| ၉။ | ၆"-၉" (ထုံးဘို) | ၁၁၈၅. ၃၇ကျင်း | မအူပင်-မော်လမြိုင်ကျွန်းလမ်း |
| ၁၀။ | မြစ်သဲ | ၃၄၁. ၂၅ကျင်း | မအူပင်-မော်လမြိုင်ကျွန်းလမ်း |
| ၁၁။ | ၆"-၉" (မြွေဟောက်) | ၃၇. ၂၉ကျင်း | မအူပင်-မော်လမြိုင်ကျွန်းလမ်း |
| ၁၂။ | ကျောက်ရွယ်စုံ(မန္တလေး) | ၄၉. ၈၇ကျင်း | မအူပင်-မော်လမြိုင်ကျွန်းလမ်း |
| ၁၃။ | ဂဝံကျောက်ကြီး | ၁၂. ၃၇ကျင်း | မအူပင်-မော်လမြိုင်ကျွန်းလမ်း |
| ၁၄။ | ကျောက်ရွယ်စုံ(မန္တလေး) | ၃၃၈. ၂၅ကျင်း | ကြိမ်ပင်ဆည်-စက္ကော့-ရေဖြူ-ဇလွန်လမ်း |
| ၁၅။ | သစ်မာ | ၁၁. ၉၄တန် | မော်လမြိုင်ကျွန်း-ပြင်စလူလမ်း |

တင်ဒါပုံစံတင်ရောင်းချမည့်ရက် - ၂၆-၁၁-၂၀၁၃ ရက်
တင်ဒါပုံစံပိတ်မည့်ရက် - ၁၀-၁၂-၂၀၁၃ ရက်၊ ၁၂း၀၀နာရီ
တင်ဒါဖွင့်မည့်ရက်/အချိန် - ၁၀-၁၂-၂၀၁၃ ရက်၊ ၁၃း၀၀နာရီ
တင်ဒါဖွင့်မည့်နေရာ - ဒု-အင်ဂျင်နီယာမှူးကြီး(မြို့ပြ)ရုံး၊ လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၄)၊ ညောင်တုန်းမြို့။

တင်ဒါလျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို ဒု-အင်ဂျင်နီယာမှူးကြီး(မြို့ပြ)ရုံး၊ လမ်းဆောက်ရေးစီမံကိန်းအထူးအဖွဲ့(၄)၊ ညောင်တုန်းမြို့၊ ဖုန်း- ၀၄၆- ၂၀၂၀၃ တွင် ၂၆-၁၁-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

# ဇလွန်မြို့နှင့် သဘာဝသယံဇာတ

ဇလွန်အေးခိုင်

နိုင်ငံတော်ကြီး စဉ်ဆက်မပြတ်တိုးတက်စေရန်မှာ အခြေခံဒေသများမှ အခြေပြုတည်ဆောက်ရသည့်အတွက် အခြေခံဒေသတစ်ခုဖြစ်သည့် ဇလွန်မြို့၏ဖြစ်စဉ်အမှန်ကိုအခြေပြုထားပြီး ဥပမာပေးတင်ပြလိုပါသည်။

ဇလွန်မြို့၏မြစ်ကြောင်းစီးဆင်းပုံမှာ မြစ်ဟောင်းနှင့် မြစ်အသစ်ဆိုပြီး မြစ်နှစ်စင်း အလျားတူညီစွာ မျဉ်းပြိုင်စီးဆင်းနေပါသည်။ သို့သော် အရှေ့ဘက်မြစ်ဟောင်းလမ်းကြောင်းမှာ နွေရာသီကာလတွင် အနည်းငယ် သဲသောင်ခုံပိတ်ဆို့နေပါ၍ ဧရာဝတီမြစ် ကြောင်းသည် ဇလွန်မြို့နှင့် ကပ်လျက် အနောက်ဘက်မြစ်ကြောင်းမှသာ စီးဆင်းနေပါတော့သည်။

ထို့ကြောင့် ဇလွန်မြို့နှင့်ကပ်လျက် စီးဆင်းနေသော လေးမိုင်ခွဲခန့်မြစ်အတွင်းမှ သယံဇာတများထုတ်ယူရန်မှာ သဘာဝပတ်ဝန်းကျင်ကိုထိခိုက်နိုင်ပါ၍ အဟောသိကံဖြစ်နေရသည့်အပြင် နိုင်ငံတော်မှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကုန်ကျငွေမှာ နှစ်စဉ်သိန်းပေါင်း ရာဂဏန်း၊ဆယ်ဂဏန်းမြောက်မြားစွာကုန်ကျမှုဖြင့် နှစ်ပေါင်းဆယ်စုတစ်စု ကျော်နေပါပြီ။

ထို့ကြောင့် ယင်းလုပ်ငန်းအပေါ်တွင် စက်မှုနည်းပညာ လှေကားထစ်များချမှတ်လုပ်ဆောင်စေခြင်းဖြင့် ကမ္ဘာ့နိုင်ငံအားလုံး၏ရှေ့သို့ ကျွန်တော်တို့ မြန်မာနိုင်ငံတော်ကြီး ကျော်တက်နိုင်မည်ဖြစ်ကြောင်း အောက်ပါအတိုင်းတင်ပြလိုပါသည်။

မြစ်ကျောက်ထုတ်ယူပုံမှာ မြစ်ကျောက်ထုတ်ယူသော မော်တော်ပေါ်တွင် မြစ်ကျောက်စုပ်ယူရန်အတွက် ပန့်စက်မည်ဆိုပါက မိုးပေါ်မှရွာသွန်းပေးနေသော မိုးရေကဲ့သို့ အလဟဿရရှိနေသည့် သဲသယံဇာတများ အကြောင်းမဲ့မြစ်ထဲသို့သွန်ချနေခြင်းသည် သဲသယံဇာတတစ်မျိုးတည်းသာ ဆုံးရှုံးသည်ဟုမြင်တွေ့နေရသော်လည်း ရွှေ၊ ရွှေဖြူ၊ သံ၊ ကြေး၊ ခဲ၊ အဖြိုက်နက်၊ ခနောက်စိမ်း၊ အလူမီနီယမ်၊ တိုက်တေနီယမ် စသည့်အဖိုးတန် တွင်းထွက်သယံဇာတများ၊ သဲသယံဇာတများနှင့်အတူ ရောနှော၍ မြစ်ထဲသို့ပါသွားနေပါသည်။

ထို့ကြောင့် စီးပွားရေးတွက်ခြေကိုက်လှသည့် လှေကားထစ်ကို ကျော်တက်ပါမှ ရွှေသတ္တုအစ တိုက်တေနီယမ်အဆုံး သတ္တု ရတနာများတစ်မှုန်မကျန်ရရှိနိုင်ရန် လိုအပ်လာပါသည်။ သို့ပါ၍ ဘူမိရူပပညာရှင်များအနေဖြင့် ယင်းမြစ်ကျောက်လုပ်ငန်းကိုအခြေခံ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံတော်သစ်ကြီးဆီသို့ ဆက်လက်ချီတက်နိုင်ရန် ပူးပေါင်းပါဝင်စေလိုပါသည်။

နှမ်းတစ်စေ့နှင့်ဆီမဖြစ်သော်ငြားလည်း နှမ်းများလျှင်ဆီဖြစ်ရသည့်အတွက် ပန့်၏မြစ်ကျောက်ရေထွက်ပေါက်အကျယ်အဝန်းနှင့် ကျဆင်းလာသောရေအရှိန်များကို တွက်ချက်၍ မျော၏အကျယ်အဝန်းနှင့်အရှည်ကို တွက်ဆပါ။ တစ်ဖန်ပေါ်လောပေါ်နီယာမကို အသုံးပြုပြီး မော်တော်(CB)၏ သုံးပုံနှစ်ပုံခန့်ကိုရေလုံပိတ်၍ (CB) တစ်စင်း တည်ဆောက်ပါ။ ပြီးလျှင် အထက်ပါမျောအရှည်ကို ထို(CB)ထဲသို့ထိုးစိုက်ပါ။ မျောရေတံလျှောက်မှကျဆင်းလာသော သဲသယံဇာတများနှင့်ရေများ ယင်း(CB) ပေါ်သို့ ရောက်ရှိလာပြီးရေသည်သာလျှင် (CB)ပေါင်နှုတ်ခမ်းမှ



မြစ်ကျောက်စုပ်ယူသော မော်တော်ပေါ်ရှိ သယံဇာတခွဲစင်

တစ်လုံးတပ်ဆင်ထားပါသည်။ တစ်ဖန် ယင်းမော်တော်ပေါ်တွင် ပုံတွင်မြင်ရသည့်အတိုင်း မြစ်ကျောက်၊ သဲနှင့် ရွှေသယံဇာတများ ခွဲထုတ်ယူရန် သယံဇာတခွဲစင်တစ်ခုတည်ဆောက်ရပါသည်။ ယင်းခွဲစက်တွင် ပထမဦးစွာ ပန့်နှင့်စုပ်ယူ၍ ကျဆင်းလာသောမြစ်ကျောက်များကို သီးသန့်သန့်စင်ခံယူရန် အပေါက်ကလေးများပါသော ဇလားရေတံလျှောက်ကို မော်တော်ဝမ်းထဲသို့ ဦးစိုက်ထားရပါသည်။

ဒုတိယအနေဖြင့် ယင်းအပေါက်ကလေးများပါသော ရေတံလျှောက်အောက်မှ မြစ်ကျောက်သန့်စင်ပြီး၍ ကျဆင်းလာသော သဲရေများကို မြစ်ထဲသို့ပြန်လည်စွန့်ပစ်ရန် (ရွှေသယံဇာတခံယူရန်အတွက် ဖျင်စခင်းထားသော) မျောရေတံလျှောက်တစ်ခု မြစ်ထဲသို့ဦးစိုက်တပ်ဆင်ထားရပါသည်။

မြစ်ကျောက်ထုတ်ယူသော မော်တော်များအနေဖြင့် မြစ်ကျောက်ရရှိရေးကိုသာ အဓိကထား၍ထုတ်ယူပါသည်။ မျောများကိုလည်း မျောတိုများဖြင့်သာ ခံယူထားပါ၍ ရွှေသယံဇာတတချို့မြစ်ထဲသို့ လေလွင့်ပါသွားနေပါသည်။ လောင်စာဆီကုန်ကျမှုကိုကာမိစေရန်အတွက်သာ ရွှေသယံဇာတများကိုခံယူထားပါသော်လည်း လူအား၊စက်အားနှင့် အကုန်ကျခံထုတ်ယူထားသော သဲသယံဇာတများမှာ မျောရေများနှင့်အတူ မြစ်ကြမ်းခင်းသို့တိုင် ပြန်လည်သက်ဆင်းပျောက်ကွယ်သွားသည်ကို နှမြောတသစွာဖြင့် တွေ့မြင်နေရပါသည်။

မြစ်ကျောက်ရရေးသည်သာ အဓိကထားဆောင်ရွက်လျှံထွက်ပြီး မြစ်ထဲသို့ကျဆင်းသွားပါမည်။ ထိုအခါ သဲသယံဇာတများ တစ်ပွင့်မကျန် (CB) ပေါ်မှရရှိပါမည်။

ထို့အပြင် မျော၏ဖျင်စအရင်းပိုင်းတွင် သိပ်သည်းဆအများဆုံး ရွှေသယံဇာတနှင့် သိပ်သည်းဆပေါ်မူတည်ပြီး ဆင့်ကဲဆင့်ကဲ သယံဇာတများ မျောဖျင်စထဲမှခံယူရရှိပါမည်။ ထို့ကြောင့်-

(က) သယံဇာတ မြေလှန်ရှာဖွေမှုသက်သာသည့်အတွက် သဘာဝပတ်ဝန်းကျင်ပျက်သုဉ်းမှုကိုလည်း တစ်ထောင့်တစ်နေရာမှ ကာကွယ်ပေးနိုင်ပါမည်။

(ခ) သဲသောင်ပိတ်ဆို့မှုကြောင့် ရေကြောင်းသွားလာရန်ခက်ခဲရခြင်းကိုလည်း ဖြေရှင်းပေးရာရောက်ပါမည်။

(ဂ) သဲသယံဇာတများ ပေါများလာသည့်အတွက် ပြည်တွင်းဖြစ်ကွန်ကရစ်လမ်းများ ပေါများလာနိုင်ပါသည်။

သို့အတွက် ကတ္တရာကုန်ကျမှုကာမိသည့်အတွက် နိုင်ငံခြားငွေယိုဖိတ်မှုကိုလည်း ထိန်းသိမ်းနိုင်ပါမည်။ ထို့ကြောင့် တာဝန်ရှိသူများက လုပ်ငန်းလုပ်ကွက်များ ဖန်တီးပေးနိုင်ပါလျှင် ပြည်သူများကလည်း လုပ်အားအသစ်များဖြင့် တိုင်းပြည်၏အကျိုးကို ဖော်ဆောင်ပေးနိုင်ပါမည်။

တစ်ဖန် နိုင်ငံတော်၏ခေတ်အဆက်ဆက်ကကြိုးပမ်းလာခဲ့မှုကြောင့် ယနေ့ခေတ်တွင် ကျွန်တော်တို့မြန်မာနိုင်ငံတော်ကြီး အမောက်ထောင်လာပြီဖြစ်ပါ၍ ကမ္ဘာ့နိုင်ငံအသီးသီးမှ နဂါးမှန်းသိရပါပြီ သို့သော်ငြားလည်း ကျွန်တော်တို့ပြည်သူပြည်သားများအနေဖြင့် ကာလနဂါးမဖြစ်ရန် လိုအပ်ပါကြောင်း တင်ပြအပ်သည်။

# စားသုံးသူအကာအကွယ်ပေးရေးနှင့်ကုန်သွယ်မှု မြှင့်တင်ရေးကွင်းဆင်းဆောင်ရွက်

**မြိတ် နိုဝင်ဘာ ၂၄**

ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန နယ်စပ်ကုန်သွယ်ရေးစခန်း(မြိတ်)မှ Mobile Team အဖွဲ့သည် ကုန်ပစ္စည်းများတင်ပို့ခြင်း၊ တင်သွင်းခြင်းများကို ခွင့်ပြုချက်ရယူပြီး ခွင့်ပြုချက်ပါ စည်းကမ်းဖောက်ဖျက်ခြင်းတို့ကို အရေးယူဆောင်ရွက်နိုင်ရန် စားသုံးသူအကာအကွယ်ပေးရေး၊ ကုန်သွယ်မှုမြှင့်တင်ရေး၊ တရားမဝင်ကုန်သွယ်မှုများ လျော့နည်းပပျောက်ရေးတို့အတွက် နိုဝင်ဘာ ၂၁ ရက်က မြိတ် (FOB)စခန်း Check Point ရေပြင်တွင် ပြည်တွင်းပို့ကုန်၊ သွင်းကုန်များ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော သင်္ဘောများကို ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

အဆိုပါ Mobile Team အဖွဲ့သည် သွင်းကုန်လိုင်စင်နှင့် အကောက်ခွန် ID ဖြင့် တင်ဆောင်လာကြသည့် အောင်သူဇော်(၅၅၅)သင်္ဘောတွင် ဒီဇယ်ဆီ ၂၅ တန်နှင့်ဆိုင်ကယ် ၁၄ စီး၊ လင်းထူးအောင်(၁)သင်္ဘောတွင် ဘိလပ်မြေ အိတ် ၁၅၀၀၊ အောင်ပြည့်စုံ သင်္ဘောတွင် ဒီဇယ်ဆီတန် ၅၀ နှင့် စုံစံပြည့်အောင်သင်္ဘောတွင် ဘိလပ်မြေအိတ် ၁၀၀၀ တို့ကို တင်သွင်းလာသည့် IL-ID ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးခဲ့ကြောင်း သိရသည်။

**(မြိတ်ခရိုင် ပြန်/ဆက်)**




## မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဒေါက်တာဦးကောင်းညွန့်(မျက်စိအထူးကုဆရာဝန်ကြီး)-ဒေါ်ဝင်းကြည်တို့၏ သား

ဗိုလ်ကြီးမြတ်သူ

B.E (Mech)(D.S.T.A), M.E(Mech) (BMSTU) (Moscow,Russia)

လက်ထောက်ကထိက-စက်မှုအင်ဂျင်နီယာဌာန၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ ပြင်ဦးလွင်

နှင့်

နေပြည်တော်နေ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ ဗဟိုအတွင်းရေးမှူး

အမ်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ချုပ်သီရိပျံချီသိန်းဆွေ(ငြိမ်း)

[ဝန်ကြီး(ငြိမ်း)၊ ပို့ဆောင်ရေးဝန်ကြီးဌာန]-ဒေါ်မြသီဂီတို့၏ သမီး

မဖြူသန့်ပိုင်

B.Ecom(Economic) (YIE)

MBA (International Business) (Thesis) (Coventry University)

တို့၏ ၂၂-၁၁-၂၀၁၃ရက်တွင် ရန်ကုန်မြို့၊ Sedona Hotel(Grand Ballroom)၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲသို့ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် ဇနီး ဒေါ်ခင်ပြုံး၊ မင်္ဂလာပန်းကုံးများချီးမြှင့်ပေးပါသော ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်နှင့် ဇနီး ဒေါ်ဝေဝေ၊ မင်္ဂလာလက်စွပ်များဆင်မြန်းပေးပါသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်နှင့် ဇနီး ဒေါ်နုနုဆွေတို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက် ချီးမြှင့်ပေးပါသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ်နှင့် ပြည်သူ့ လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများ၏ ဇနီးများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဒုတိယ ဥက္ကဋ္ဌနှင့် ဇနီး၊ ပါတီဗဟိုအတိုင်ပင်ခံနှင့် ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၏ ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဇနီးများ၊ လွှတ်တော်ကော်မရှင်အဖွဲ့ဝင်များနှင့် ဇနီးများ၊ စစ်ဘက်၊ နယ်ဘက်မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဇနီးများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဇနီးများ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများနှင့် ဇနီးများ၊ နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီချင်းသီဆိုပေးပါသော နိုင်ငံကျော်တေးသံရှင် ဒေါ်ရီရီသန့်၊ မင်္ဂလာပန်းများကြဲဖြန့်ပေးကြပါသော မမေဖူးပွင့်စိုး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းများကိုင်ဆောင်ပေးသော မရည်မွန်သန်းငွေနှင့် မအေးမြချို၊ သတို့သားအရံ ဗိုလ်ကြီးနောင်လင်းထိုက်နှင့် ဗိုလ်ကြီးကျော်မိုးဟန်၊ သတို့သမီးအရံမသီရိဆွေနှင့် မမေသကြာ်နီဦး၊ မေတ္တာဖြင့် လက်ဝတ်ရတနာဆင်မြန်းပေးပါသော ကိုကျော်စွာဝင်း(တော်ဝင်စိန်တိုက်)၊ မင်္ဂလာဝတ်စုံ သီဂီရွှေဝါပိုးထည်တိုက်နှင့် ဒီဇိုင်နာ ပြည်စိုးအောင်၊ သတို့သမီးမိတ်ကပ်စိုးစိုးနှင့် သတို့သမီးအရံ မိတ်ကပ်မသဲ(G-Six)၊ မင်္ဂလာအခမ်းအနားနှင့် ပန်းအလှပြင်ဆင်ပေးသော ကိုဝင်းကျော်(Malaysia)နှင့် ခတ်ပုံဝဏ္ဏခွာနီးနှင့်အဖွဲ့၊ မင်္ဂလာတေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေပေးသော Plus Three တေးဂီတအဖွဲ့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ လူကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၃-၁၁-၂၀၁၃ရက်တွင် Sedona Hotel (Mindon ခန်းမ)၌ ကျင်းပသော စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာအခမ်းအနားတွင် မင်္ဂလာလက်စွပ်၊ မင်္ဂလာပန်းကုံးနှင့် စုလျားရစ်ပတ်ရေသွန်းလက်ထပ်ခြင်းမင်္ဂလာချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ငြေး၊ ထိမ်းမြားမင်္ဂလာကတိသစ္စာပြုလွှာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းဆွေနှင့် မင်္ဂလာအသိသက်သေအဖြစ် လက်မှတ်ရေးထိုးပေးပါသော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအထွေထွေအတွင်းရေးမှူး ဦးမောင်မောင်သိမ်းနှင့် မျက်စိအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာ ဦးကံညွန့်တို့အားလည်းကောင်း၊ စုလျားရစ်ပတ်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပေးပါသော စစ်ဘက်၊ နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးဦးအောင်မြင့်(မန္တလေး)၊ မင်္ဂလာဝတ်စုံသိန်းညို ပိုးထည် တိုက်နှင့် ဒီဇိုင်နာ မအိကျော်ဇင်(Vivid)၊ သတို့သားအရံ ကိုထက်ရန်နိုင်စိုးနှင့် ကိုဥက္ကာသန်းငွေ၊ သတို့သမီးအရံ မမေဖူးပွင့်စိုးနှင့် မချောစုမြတ်၊ မင်္ဂလာပန်းကြဲ မမေသကြာ်နီဦးနှင့် မအေးမြချို၊ မင်္ဂလာပန်းကုံးနှင့် လက်စွပ်ကလပ်ဗန်းကိုင် မသီရိဝင်းမြင့်နှင့် မကေခိုင်ငြိမ်းအေး၊ မင်္ဂလာကန်တော့ပွဲကိုင်ဆောင်ပေးပါသော မဆုလတ်နှင့် မတင်ဇာနွယ်ဝင်းတို့အားလည်းကောင်း၊ မင်္ဂလာ တေးဂီတ ဒေါ်ရီရီသန့်နှင့်အဖွဲ့၊ ပန်းအလှပြင်ဆင်ပေးပါသော ကိုဝင်းကျော်(Malaysia)နှင့် ခတ်ပုံဝဏ္ဏခွာနီးနှင့်အဖွဲ့၊ အကျွေး အမွေးများ စီစဉ်ဆောင်ရွက်ပေးကြသော (Sedona Hotel) မန်နေဂျာနှင့်ဝန်ထမ်းများ၊ မင်္ဂလာဧည့်ခံပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးပါသော ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၊ မိတ်ဆွေ များအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူအားလုံးကိုလည်းကောင်း အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်မိဘများနှင့်**
**ဗိုလ်ကြီးမြတ်သူ-မဖြူသန့်ပိုင်**

## မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဗိုလ်ကြီးခင်ညို(ငြိမ်း)-ဒေါ်ခင်ခင်အေး၊ ကျောက်ပန်းတောင်းမြို့နေ ဦးဝေလွင်ကို-ဒေါ်ချစ်ချစ်တင်တို့၏ မြေး၊ ဦးမျိုးအေး(အစ္စရေးနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး)-ဒေါ်နီလာကို တို့၏သားဦး

**ဗိုလ်ကြီး ဇော်မျိုးကိုကို**
**B.C.Sc(D.S.A)** တပ်မတော်(ရေ)

နှင့်

ရန်ကုန်မြို့နေ(ဗိုလ်ချုပ်ကြီးသူရကျော်ထင်)-ဒေါ်ခင်ဝင်းမြင့်၊ အငြိမ်းစားသံအမတ်ကြီး ဗိုလ်မှူးချုပ်မျိုးအောင်(ငြိမ်း)-ဒေါ်ခင်မြထူး တို့၏ မြေး၊ (ဗိုလ်မှူးစိုးလင်းကျော်)-ဒေါ်ခင်မျိုးသန့်
(M.D, Orchis General Trading Co.,Ltd)တို့၏သမီးဦး

**မသက်ပိုင်စိုး**
**B.Sc(Physics)**

တို့၏၂၃-၁၁-၂၀၁၃ရက်တွင် ရန်ကုန်မြို့ Traders Hotel ၌ကျင်းပသော မင်္ဂလာညှော်ခံပွဲသို့တက်ရောက်၍ မင်္ဂလာပန်းကုံးများ ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေနှင့်ဇနီးဒေါ်ခင်သက်ဌေး၊ မင်္ဂလာလက်စွပ်များ ဆင်မြန်းပေးပါသော နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင်နှင့် ဇနီးဒေါ်လင်းလင်းတင်တို့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးသူရသက်ဆွေ၏ဇနီးဒေါက်တာ ဝေမာမာထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးခင်အောင်မြင့်၏ဇနီးဒေါ်အေးအေးသန်း၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ လွှတ်တော် ကိုယ်စားလှယ်များနှင့် ဇနီးများ၊တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦးနှင့်ဇနီး၊ စစ်ဘက်နယ်ဘက်မှဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာအစ္စရေးနိုင်ငံသံအမတ်ကြီးနှင့်ဂုဏ်သရေရှိပြည်တွင်း၊ ပြည်ပ ဧည့်သည်တော်များအား လည်းကောင်း၊ စစ်တက္ကသိုလ်အမှတ်စဉ်(၂၂)နှင့်(၂၃)မှသူငယ်ချင်းများနှင့် ဇနီးမိသားစုများအား လည်းကောင်း၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေး တေးသံရှင် ဒေါ်ခိုင်ဝါ၊ မင်္ဂလာပန်းများ ကြဖြန့်ပေးပါသော မမေစံပယ်မျိုး၊ မင်္ဂလာအောင်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ပန်းများ ကိုင်ဆောင်ပေးသော မောင်နေဝန်းအောင်၊ မောင်မျိုးဟိန်း၊ သတို့သားအရံ ဗိုလ်ကြီးကိုကိုနိုင်၊ ဗိုလ်ကြီးချစ်ဝမ်း၊ သတို့သမီးအရံမထက်ထက်ကျော်၊ မရွှန်းလဲ့အောင်၊ မင်္ဂလာဝတ်စုံဒီဇိုင်နာ မမဇူ(Zu Zu Collection)နှင့် မိတ်ကပ်ဆံပင်အလှ လင်းလင်းအဖွဲ့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲအခမ်းအနားသို့ လူကိုယ်တိုင် မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်ဆွေများ၊ ပြည်ပရှိ သူငယ်ချင်းမိတ်ဆွေ၊ သံအမတ်ကြီးများအားလည်းကောင်း၊ အစစအရာရာ ကူညီဆောင်ရွက်ပေးကြသော စစ်တက္ကသိုလ် အမှတ်စဉ်(၂၂)နှင့်(၂၃)မှသူငယ်ချင်းများနှင့် မိတ်ဆွေများအားလည်းကောင်း၊ အကျွေးအမွေးများ စီစဉ်ဆောင်ရွက်ပေးပါသော Traders Hotel မန်နေဂျာနှင့် ဝန်ထမ်းများအားလုံးကိုလည်းကောင်း၊ ၁၇-၁၁-၂၀၁၃ရက်နေ့ ရန်ကုန်မြို့ Sedona Hotel ၌ ကျင်းပပြုလုပ်သော လက်ထပ်မင်္ဂလာလက်မှတ်ရေးထိုးပွဲအား ကြီးကြပ်ဦးဆောင်ကျင်းပပေးပါသော ရန်ကုန် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းဆွေနှင့်ဇနီးအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူအားလုံးကိုလည်းကောင်း၊ အထူးလှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့်
ဗိုလ်ကြီးဇော်မျိုးကိုကို-မသက်ပိုင်စိုး



## မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

နေပြည်တော်နေ ဦးဝင်းရှိန်(ပြည်ထောင်စုဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)-ဒေါ်စုညွန့်ဦးတို့၏သား

**မောင်ထူးထူးရှိန်ဦး (B.Tech)**
**True North Co.Ltd**

နှင့်

ရန်ကုန်မြို့၊ အမှတ်(၁၂၃)၊ ရွှေဘုံသာလမ်းနေ
ဦးကျော်ညွန့်(Representative of KT Marine Co.,Ltd)-ဒေါ်စန်းစန်းသိန်းတို့၏သမီး

**မစန္ဒာ B.A (Eng)**

တို့၏ ၂၄-၁၁-၂၀၁၃ရက်တွင် ရန်ကုန်မြို့ Sedona Hotel ၌ကျင်းပသော မင်္ဂလာညှော်ခံပွဲသို့ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမွန်၊ ဒုတိယသမ္မတဦးဉာဏ်ထွန်း၏ဇနီးဒေါ်ခင်အေးမြင့်၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ မင်္ဂလာပန်းကုံးများနှင့်မင်္ဂလာလက်စွပ်များ ဆင်မြန်းပေးပါသော ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေနှင့်ဇနီးအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော လွှတ်တော် ကိုယ်စားလှယ်များနှင့်ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နယ်ဘက်မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးဦးသင်မြင့်သန်း၊ မင်္ဂလာ အခါတော်ပေးတေးသံရှင် ဒေါ်ရီရီသန့်နှင့် တီးဝိုင်း အကယ်ဒမီ ခီရာမိုရ်(ဂီတကဗျာတေးဂီတအဖွဲ့)အဖွဲ့သားများအားလည်းကောင်း၊ မင်္ဂလာပန်းများ ကြဖြန့်ပေးပါသော မဆုမြတ်မွန်အောင်၊ မင်္ဂလာအောင်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းများကိုင်ဆောင်ပေးသော မအေးစုမြတ်ဖြိုး၊ သတို့သားအရံမောင်ဇေယျာထွန်း၊ မောင်တင်ထွန်းအောင်၊ သတို့သမီးအရံမထက်ထက်ရှိန်ဦး၊ မမေသူထက်၊ မေတ္တာဖြင့် လက်ဝတ်ရတနာဆင်မြန်းပေးသော Win & San၊ မင်္ဂလာဝတ်စုံနှင့် ဒီဇိုင်နာ မမဇူ(Zu Zu Collection)၊ ပန်းအလှပြင် လင်းလင်း၊ မိတ်ကပ်နှင့်ဆံပင်အလှ ခင်စန်းဝင်းနှင့်အဖွဲ့၊ မင်္ဂလာဖိတ်စာဆောင်ရွက်ပေးပါသော Dagon Printing & Invitation Cards အားလည်းကောင်း၊ မှတ်တမ်းတင်ဓာတ်ပုံဗီဒီယိုရိုက်ကူးပေးသော ကိုဝဏ္ဏခွာနီးနှင့်အဖွဲ့တို့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲအခမ်းအနားသို့ လူကိုယ်တိုင် မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ကြသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်ဆွေများအားလည်းကောင်း၊ အကျွေးအမွေးများ စီစဉ်ဆောင်ရွက်ပေးပါသော Sedona Hotel မန်နေဂျာနှင့် ဝန်ထမ်းများ၊ မင်္ဂလာညှော်ခံပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက်အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးသော ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၊ မိတ်ဆွေများနှင့် ၁၈-၁၁-၂၀၁၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော လက်ထပ်မင်္ဂလာလက်မှတ်ရေးထိုးပွဲအား ကြီးကြပ်ဦးဆောင် ကျင်းပပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးဦးမျိုးမြင့်အားလည်းကောင်း၊ ၂၀-၁၁-၂၀၁၃ရက်နေ့တွင် မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၌ ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိ လူကြီးမင်းများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူအားလုံးကိုလည်းကောင်း၊ အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့်
မောင်ထူးထူးရှိန်ဦး-မစန္ဒာ


# အရှိန်မထိန်းနိုင်ဘဲ ယာဉ်တိမ်းမှောက်၍ ခြောက်ဦးသေ၊ ခြောက်ဦးဒဏ်ရာရ

**နေပြည်တော် နိုဝင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် လက်ပကျင်းရွာ လက်ပကျင်းချောင်းအနီး မိုင်တိုင်အမှတ်(၇/၇)တွင် နိုဝင်ဘာ ၂၀ ရက် နံနက် ၁ နာရီခွဲက စလင်းမြို့နယ် ရွှေတွင်းတူးရွာနေ အေးမင်းထိုက် (၃၆)နှစ် မောင်းနှင်သော ၈ျ/. . . နီဆန်း(အပြာရောင်) ခြောက်ဘီးယာဉ်သည် သစ်အခြားသားဆိုဒ်စုံ အချောင်း ၂၀၊ ဝါး အလုံး ၅၀၀၊ သစ်၊ ဝါး တင်သည့်အလုပ်သမား ၁၃ ဦး တင်ဆောင်မောင်းနှင်လာစဉ် အရှိန်မထိန်းနိုင်ဘဲ ချောင်းအဆင်း လမ်းယာဘက်ခြမ်း ရှစ်ပေခန့်ရှိချောက်ထဲသို့ ထိုးကျတိမ်းမှောက်ခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် စလင်းမြို့နယ် ကူတိုတောင်ရွာနေ ဦးမြင့်အောင် (၃၅) နှစ်ပါ အမျိုးသားခြောက်ဦးမှာ သစ်ဝါးများပိ၍ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး စလင်းမြို့နယ် ကူတိုတောင်ရွာနေ ဦးမြင့်သိန်းထွန်း(၃၄)နှစ်ပါ အမျိုးသားနှစ်ဦးတွင် ဦးခေါင်းစုတ်ပြဲ၊ ခါးဖူးရောင်ဒဏ်ရာများရရှိခဲ့သဖြင့် စလင်းဆေးရုံမှ မကွေးပြည်သူ့ဆေးရုံသို့လည်းကောင်း၊ စလင်းမြို့နယ် ကူတိုတောင်ရွာနေ အောင်မင်းထိုက်(၂၇)နှစ်ပါ အမျိုးသား လေးဦးတွင် ဝဲ၊ ယာဒူးနာကျင်ဒဏ်ရာ၊ ခြေဖဝါးပွန်းပဲ့၊ ဝဲလက်ခလယ်၊ ဝဲလက်နာကျင်ဒဏ်ရာများရရှိခဲ့သဖြင့် စလင်းဆေးရုံသို့ လည်းကောင်း တင်ပို့ကုသခဲ့ပြီး ယာဉ်မောင်းနှင်သူ အေးမင်းထိုက်ကို လင်းဇင်းနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထား ကြောင်း သိရသည်။

**ရဲပြန်ကြား**

## အမျိုးသားများနှင့် လက်ထပ်ရန် စည်းရုံးခေါ်ဆောင်လာသူ ဖမ်းဆီးအရေးယူ

**နေပြည်တော် နိုဝင်ဘာ ၂၄**

လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (မိတ္ထီလာ)မှ တပ်ဖွဲ့ဝင်များသည် သတင်းအရ နိုဝင်ဘာ ၂၁ ရက်က သက်သေများနှင့်အတူ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ပြည်သာယာတောင်ရပ်ကွက် မိတ္ထီလာ-မန္တလေး ကားလမ်း၌ ၁ခ/. . . . . . မှန်လုံယာဉ်ကို ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်တွင် တရုတ်နိုင်ငံ၌ အလုပ်လုပ်ရန်၊ တရုတ်အမျိုးသားများနှင့် လက်ထပ်ယူရန် လိုက်ပါလာသည့် မိတ္ထီလာမြို့နေ မ. . . . . (၁၉) နှစ်ပါ နှစ်ဦးကိုတွေ့ရပြီး ၎င်းတို့ကို မိတ္ထီလာမြို့နယ် ပြည်သာယာရပ်ကွက်နေ မ. . . . . (၁၄)နှစ်က စည်းရုံးခေါ်ဆောင်လာကြောင်း သိရသဖြင့် မိတ္ထီလာ အမှတ် (၃)နယ်မြေရဲစခန်းက လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

## ပွင့်ဖြူမြို့နယ်၌ ယာဉ်တိမ်းမှောက်၍ နှစ်ဦးသေ

**နေပြည်တော် နိုဝင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ဒဟတ်ပင်ကုန်းရွာအနီးတွင် နိုဝင်ဘာ ၂၀ ရက် နံနက် ၃ နာရီက စေတုတ္တရာမြို့နယ် ခဲပြစ်ရွာနေ အောင်ကို(၂၈)နှစ် မောင်းနှင်လာသည့် ၇၅/. . . ဖော အပြာရောင်ယာဉ်သည် ခဲပြစ်ရွာနေ ဇော်ထူး(၃၀)နှစ်ပါသုံးဦးကို တင်ဆောင်လာစဉ် ဘီးပေါက်၍ လမ်း၏ဝဲဘက် ခြောက်ပေခန့်နက်သည့် ချောက်အတွင်းသို့ ထိုးကျတိမ်းမှောက်ခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ဇော်ထူးပါ နှစ်ဦးမှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့သဖြင့် ယာဉ်မောင်းအောင်ကိုကို ပွင့်ဖြူမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

# သားအမိချင်းစကားများရာမှ အုပ်ချုပ်ရေးမှူးကို ဓားဖြင့်ခုတ်

**ရန်ကုန် နိုဝင်ဘာ ၂၄**

ရန်ကုန်မြို့ အင်းစိန်မြို့နယ်တွင် နိုဝင်ဘာ ၁၆ ရက်က သားအမိချင်း စကားများရာမှ တာဝန်ထမ်းဆောင်နေသော ရပ်ကွက်အုပ်ချုပ်ရေးမှူးကို ဓားခုတ်မှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက် သီဟိုဠ်ကျောင်းလမ်းနေ ဝေဇော်အောင်(၂၉)နှစ်သည် နိုဝင်ဘာ ၁၆ ရက်က မိခင်ဖြစ်သူ ဒေါ်ညိုနှင့် စကားများရာ မိခင်က ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်ဇေယျာမင်းထံ သွားတိုင်တန်းရာ မိခင်ဖြစ်သူနောက်သို့ ဓားကိုင်ဆောင်ပြီး လိုက်လာကာ ရုံးခန်းအတွင်းသို့ဝင်ပြီး တာဝန်ထမ်းဆောင်နေသူ အုပ်ချုပ်ရေးမှူးကို ဓားဖြင့်ခုတ်၍ ထွက်ပြေးသွားခဲ့သည်။ ရဲတပ်ဖွဲ့ဝင်များ၊ ဆယ်အိမ်မှူးများက ဝိုင်းဝန်းဖမ်းဆီး၍ ရဲစခန်းသို့ ပို့ဆောင်ခဲ့ပြီး အင်းစိန်မြို့မရဲစခန်းက ပုဒ်မ-၃၃၃ ဖြင့် အမှုဖွင့် အရေးယူထားသည်။ အုပ်ချုပ်ရေးမှူးမှာ ဦးခေါင်း၊ နားရွက်၊ လက်များတွင် ဒဏ်ရာ ၁၄ ချက်ရရှိပြီး အင်းစိန်ဆေးရုံကြီးသို့ တင်ပို့၍ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**(၆၈၄)**

# နောက်တွဲများကြောင့် ယာဉ်အန္တရာယ်ဖြစ်ပွားနိုင်

**ပဲခူး နိုဝင်ဘာ ၂၄**

ပဲခူးမြို့တွင်း ရန်ကုန်-မန္တလေး ကားလမ်းပေါ်တွင် ၂၂ ဘီးယာဉ်၏ နောက်တွဲကို လမ်းမပေါ်ရပ်ထားသကဲ့သို့ ပဲခူးမြို့ အခြားနေရာများတွင်လည်း ညဘက်တွင် နောက်တွဲများ ရပ်ထားမှုများရှိနေသည်။

ယင်းနောက် တွဲများသည် ညအချိန်ရောင်ပြန်မီးများမရှိသဖြင့် ယာဉ်တိုက်မှုများ ဖြစ်ပွားနိုင်ကြောင်း တင်ပြလိုက်ရပါသည်။

**သုတ(ပဲခူး)**



# အရက်သောက်ပြီး ရေဆင်းကူးသူ ရေနစ်သေဆုံး

**မော်လမြိုင် နိုဝင်ဘာ ၂၄**

မော်လမြိုင်ကျွန်းမြို့နယ် အမှတ်(၇)ရပ်ကွက် (၁၅)လမ်း ကမ်းနားလမ်း သင်္ဘောဆိပ်တွင် နိုဝင်ဘာ ၁၆ ရက် နံနက် ၁၁ နာရီက လူတစ်ဦးရေနစ်သေဆုံးကြောင်းသတင်းအရ မော်လမြိုင်ကျွန်းမြို့မရဲစခန်းမှ ဒုရဲအုပ်ဝင်းနိုင်နှင့်အဖွဲ့သည် သက်သေများနှင့်အတူ အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးရာ သေဆုံးသူ အောင်သူရ(၄၄)နှစ် အောင်သုခလမ်း အမှတ်(၉)ရပ်ကွက် မော်လမြိုင်ကျွန်းမြို့နေသူသည် အရက်သေစာ သောက်စားပြီးရေဆင်းကူးရာမှ ရေနစ်သေဆုံးသွားကြောင်း သိရသည်။

**(ပုသိမ်လှကြည်)**



# မိတ္ထီလာတွင် ဆီးဂိမ်းအထိမ်းအမှတ်ကြော်ငြာဆိုင်းဘုတ်များတပ်ဆင်

**မိတ္ထီလာ နိုဝင်ဘာ ၂၄**

မြန်မာတစ်မျိုးသားလုံးဂုဏ်ယူရမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကျင်းပရန် ရက်ပိုင်းမျှလိုတော့သည့်အချိန်တွင် ရန်ကုန်၊မန္တလေး၊နေပြည်တော်နှင့် နိုင်ငံတစ်ဝန်းတွင် ဆီးဂိမ်းအထိမ်းအမှတ်ကြော်ငြာဆိုင်းဘုတ်များတပ်ဆင်ကာ အားကစားပြိုင်ပွဲကြီး စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လှုံ့ဆော်ထားလျက်ရှိသည်။ ထို့အတူ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်တွင်လည်း ရန်ကုန်-မန္တလေး-မြင်းခြံကားလမ်းမတစ်လျှောက် (နာရီစင်လမ်း)တွင် နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းက ဆီးဂိမ်းအထိမ်းအမှတ် ကြော်ငြာဆိုင်းဘုတ်များ တပ်ဆင်ထားရှိသည်ကို တွေ့ရှိရသည်။**(ဝဲပုံ)** အဆိုပါ ဆီးဂိမ်းအထိမ်းအမှတ် ကြော်ငြာဆိုင်းဘုတ်များတွင် သက်ဆိုင်ရာအားကစားပြိုင်ပွဲကျင်းပရေးကော်မတီမှ သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ဆိုင်းဘုတ်၏ လေးပုံသုံးပုံခန့်ကို ဆီးဂိမ်းလာဘ်ကောင်ပုံများ၊ Welcome to 27th SEA GAMES MYANMAR 2013 စသည်ဖြင့် ကြော်ငြာထားကြောင်း သိရှိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# အင်းလေးကန်ရေရှည်တည်တံ့ရေး ပညာပေးဆွေးနွေး

**ညောင်ရွှေ နိုဝင်ဘာ ၂၄**

ညောင်ရွှေမြို့နယ် အင်းလေးဒေသ ငါးဖယ်ချောင်းကျေးရွာနှင့် ကေလာကျေးရွာတို့တွင် နိုဝင်ဘာ ၂၀ရက်က အင်းလေးကန်ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်း ပညာပေး ဆွေးနွေးပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

"အင်းလေးကန်အတွင်းမှာရှိတဲ့ ကျွန်းမျောစိုက်ခင်းတွေ၊ ရေခြံတွေမှာ ဓာတုပိုးသတ်ဆေးတွေ၊ ဓာတ်မြေဩဇာတွေလျှော့ချသုံးစွဲဖို့နဲ့ သဘာဝပိုးသတ်ဆေးနဲ့သဘာဝမြေဩဇာတွေကိုပြုလုပ်သုံးစွဲခြင်းကြောင့် အင်းလေးကန်ရဲ့ ရေအရည်အသွေးကို ထိန်းသိမ်းသလို အင်းလေးကန်ကိုလည်း တစ်ဖက်တစ်လမ်းမှ ထိန်းသိမ်းရာရောက်ပါတယ်။ အင်းလေးကန်တွင်းမှာ ပေါက်နေတဲ့ဗေဒါပင်တွေကို ဆယ်ယူပြီးအီးအမ်အကျိုးပြု အဏုဇီဝဖျော်ရည်နဲ့ သဘာဝမြေဩဇာပြုလုပ်သုံးစွဲပါက စိုက်ပျိုးသူများအတွက် အကျိုးရှိနိုင်ပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဝင်းထွန်းက ရှင်းပြသည်။

ဆက်လက်၍ ဒေသခံတောင်သူများကို အီးအမ်ဖျော်ရည်များ ပေးအပ်ပြီးဗေဒါပင်များဖြင့် အီးအမ်သဘာဝမြေဩဇာပြုလုပ်မှုကို လက်တွေ့ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

**နေမျိုးသူရိန်(ညောင်ရွှေ)**



# ဒီပဲယင်းမြို့နယ်၌ ကျေးရွာချင်းဆက်ကုန်ထုတ်လမ်း ချောင်းကူးတံတားဖွင့်

**ဒီပဲယင်း နိုဝင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ် ကျေးရွာချင်းဆက်ကုန်ထုတ်လမ်းချောင်းကူးတံတားဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ၂၀ ရက် နံနက် ၈ နာရီအချိန်က အဆိုပါတံတားရှေ့တွင် ကျင်းပခဲ့သည်။

ယခင်ချောင်းကူး ကုန်ထုတ်လမ်းတံတားသည် ချောင်းကကျဉ်းသဖြင့် ယာယီသွားလာနိုင်အောင် တည်ဆောက်ထားပါသည်။ ၂၀၁၃ ခုနှစ်တွင် ဆည်မြောင်းဦးစီးဌာနအနေဖြင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ချောင်းများကိုပြုပြင်ဆောင်ရွက်ခဲ့ရာ ချောင်းမှာမြင့်ပြီး ကျယ်သွားသည်။ချောင်းကူးတံတားမတည်ဆောက်လျှင် မိုးတွင်းလယ်ယာလုပ်ငန်းခွင်ထွန်စက်သွားလာရေး ဆောင်ရွက်ရန်နှင့် ဆောင်းရာသီစပါးရိတ်သိမ်းချိန်တွင် ကုန်ထုတ်လုပ်မှုအခက်အခဲများ ကြုံတွေ့ရမည်ဖြစ်ပါသည်။

ယခုလိုတံတားတည်ဆောက်လိုက်ခြင်းဖြင့် မိုးတွင်းလယ်ယာလုပ်ငန်းခွင် လယ်ထွန်စက်၊ ကျွဲနွားများနှင့် လှည်းများဖြတ်သန်းရာတွင်လည်းကောင်း၊ ဆောင်းရာသီစပါးရိတ်သိမ်းချိန်တွင် အခက်အခဲမရှိ လယ်ယာကုန်ထုတ်လုပ်ငန်းများ အဆင်ပြေချောမွေ့စွာသွားလာနိုင်မည်ဖြစ်ပြီး အုန်းတစ်ပင်ကျေးရွာနှင့် ရွာဆက်လမ်းအဖြစ် အသုံးပြုနိုင်မည်ဖြစ်သည်ဟု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇော်လှိုင်ထွန်းက ပြောပြသည်။

အဆိုပါချောင်းကူးတံတားမှာ အရှည် ပေ၁၁၀၊ အကျယ် ပေ ၁၅၊ အမြင့်၁၅ပေ သံကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဘီလပ်မြေအိတ် ၂၀၀၊ ကျေးရွာပြည်သူလူထုမှ ကျပ် ၁၁၆ သိန်းကုန်ကျခံ တည်ဆောက်ခဲ့ပြီး ဖွင့်ပွဲအခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျေးရွာသူ၊ ကျေးရွာသား ၂၀၀ဦးခန့် တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(ကေကေ၊ ဒီပဲယင်း)**

# အစိုးရကြော်ငြာ

## ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်(ဗုဒ္ဓဟူးနေ့) "အမျိုးသားနေ့"သည် အများပြည်သူအလုပ်ပိတ်ရက်ဖြစ်ပါသဖြင့် ၎င်းနေ့တွင် ဘဏ်အားလုံးပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
## ၂၀၁၃-၂၀၁၄ခု၊ ပညာသင်နှစ်အတွက်
## A.G.T.I ပထမနှစ် ဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း

၁။ အစိုးရနည်းပညာကောလိပ်(မိုးညှင်း)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(ဟားခါး၊ ပူတာအို၊ ခန္တီး၊ ချောက်၊ ရေနံချောင်း၊ ကျောက်ပန်းတောင်း၊ ဝါးခယ်မနှင့် သရက်)တို့၌ A.G.T.I (၃)နှစ်သင်တန်းများကို ၂၀၁၃-၂၀၁၄ ခု ပညာသင်နှစ်မှစတင်၍ သီးခြားဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါ သန်စွမ်းကျန်းမာသူဖြစ်ရမည်။

(ဂ) ၂၀၁၃ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် အောက်ဖော်ပြပါ ဘာသာတွဲများဖြင့် အောင်မြင်သူ ဖြစ်ရမည်။

(၁) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘောဂဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ။

(၂) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သမိုင်း၊ ရူပဗေဒ၊ ဓာတုဗေဒ။

(၃) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ စိတ်ကြိုက်မြန်မာစာ၊ ရူပဗေဒ၊ ဓာတုဗေဒ။

(၄) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ။

(၅) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီဝင်၊ ရူပဗေဒ၊ ဓာတုဗေဒ။

(ဃ) တက္ကသိုလ်ဝင်စာမေးပွဲတွင် ရရှိခဲ့သည့် အင်္ဂလိပ်စာနှင့် သင်္ချာစုစုပေါင်းရမှတ်အပေါ်မူတည်၍ ရွေးချယ်မည်ဖြစ်သည်။

၃။ မြန်မာတစ်နိုင်ငံလုံးရှိ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခဲ့သည့် စာစစ်ဌာနများမှ အောင်မြင်သူများ လျှောက်ထားနိုင်သည်။

၄။ အစိုးရနည်းပညာအထက်တန်းကျောင်းများမှ အောင်မြင်သူများလည်း လျှောက်ထားနိုင်သည်။

၅။ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများအလိုက် ဖွင့်လှစ်သင်ကြားပေးမည့်သင်တန်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) မြို့ပြအင်ဂျင်နီယာ

(ခ) အီလက်ထရွန်နစ်အင်ဂျင်နီယာ

(ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ

(ဃ) စက်မှုအင်ဂျင်နီယာ

၆။ သင်တန်းကာလမှာ (၃)နှစ်ဖြစ်သည်။ သင်တန်းပြီးဆုံးပါက ဒီပလိုမာအောင်လက်မှတ်ပေးအပ်မည်ဖြစ်သည်။

၇။ ဝင်ခွင့်လျှောက်လွှာများကို မိမိတို့ လျှောက်ထားလိုသည့် အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများ၌ ၂၅-၁၁-၂၀၁၃ရက်မှ စတင်ထုတ်ယူနိုင်သည်။ လျှောက်လွှာများကို ၂၀-၁၂-၂၀၁၃ ရက် နောက်ဆုံးထား၍ မိမိတို့လျှောက်ထားမည့် ကျောင်းများသို့ ပြန်လည်တင်သွင်းရမည်။

၈။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကို ပူးတွဲတင်ပြရမည်-

(က) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ထောက်ခံစာမူရင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ ထောက်ခံစာမူရင်း။

(ဂ) သက်ဆိုင်ရာမှ တရားဝင် ထုတ်ပေးထားသော တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သည့် အမှတ်စာရင်း(မူရင်းနှင့်မိတ္တူ)

(ဃ) ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ။

၉။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အစိုးရနည်းပညာကောလိပ်(မိုးညှင်း)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ (ဟားခါး၊ ပူတာအို၊ ခန္တီး၊ ချောက်၊ ရေနံချောင်း၊ ကျောက်ပန်းတောင်း၊ ဝါးခယ်မ၊ သရက်)တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မိုးမိတ်မြို့၏ မြောက်ဘက် (၁၂)မိုင်ခန့်အကွာ၊ ရွှေလီ(၃)ရေအားလျှပ်စစ်စီမံကိန်း၏ 33KV Transmission Line and Substation in EPC/Turnkey Basis for Construction Power တည်ဆောက်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ တင်ဒါပုံစံအရောင်းပိတ်ရက် - ၃-၁၂-၂၀၁၃ရက်၊ ၁၆း၀၀နာရီ

တင်ဒါအဆိုပြုလွှာနောက်ဆုံးတင်သွင်းရမည့်ရက် - ၂၀-၁၂-၂၀၁၃ရက်၊ ၁၆း၀၀နာရီ

၃။ Technical အောင်မြင်သည့်လုပ်ငန်းရှင်များ၏ Financial Proposal များကိုသာ ဖွင့်ဖောက်ရွေးချယ်သွားမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ်(၃၈)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၁၄၁၅၊ ဖက်စ်-၄၁၁၀၈၁**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲမြို့၏ တောင်ဘက် (၂၀)မိုင်ခန့်အကွာ၊ အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း၏ 33 KV Transmission Line and Substation in EPC/Turnkey Basis for Construction Power တည်ဆောက်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ တင်ဒါပုံစံအရောင်းပိတ်ရက် - ၃-၁၂-၂၀၁၃ ရက်၊ ၁၆း၀၀ နာရီ

တင်ဒါအဆိုပြုလွှာနောက်ဆုံးတင်သွင်းရမည့်ရက် - ၂၀-၁၂-၂၀၁၃ ရက်၊ ၁၆း၀၀ နာရီ

၃။ Technical အောင်မြင်သည့်လုပ်ငန်းရှင်များ၏ Financial Proposal များကိုသာ ဖွင့်ဖောက်ရွေးချယ်သွားမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ်(၃၈)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၁၄၁၅၊ ဖက်စ်-၄၁၁၀၈၁**

## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးဦးစီးဌာန
## တနင်္သာရီတိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ တနင်္သာရီတိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ ခရိုင်/မြို့နယ်ဆေးရုံ၊ မြို့နယ်ခွဲဆေးရုံ၊ တိုက်နယ်ဆေးရုံ၊ ကျေးလက် ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲများတွင် လိုအပ်သောဆေးဝါးပစ္စည်းများကို ဆေးဝါးတင်သွင်း/ဖြန့်ဖြူးခွင့်ရရှိသည့် ကုမ္ပဏီများထံမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် -၁၈-၁၁-၂၀၁၃ ရက်

တင်ဒါပိတ်ရက် - ၁၇-၁၂-၂၀၁၃ ရက်

တင်ဒါပိတ်မည့်အချိန် - ၁၆း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့် ဆေးဝါးအချက်အလက်များကို သိရှိလိုပါက တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူးရုံး၊ ထားဝယ်မြို့သို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။ ဖုန်း ၀၅၉-၂၃၅၈၃၊ ၀၅၉-၂၃၅၈၄

**ဆေးဝါးတင်ဒါရွေးချယ်ရေးကော်မတီ**

# ကျောက်ဆည်မြို့နယ် ပင်တလည်ကျေးရွာတွင် ရေပေးဝေ

**ကျောက်ဆည် နိုဝင်ဘာ ၂၄**

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေး အဖွဲ့သည် မြို့နယ်အတွင်းရှိ သောက်သုံးရေခက်ခဲသောကျေးရွာများတွင် သောက်သုံးရေလွယ်ကူစွာရရှိစေရေးအတွက် မြို့ရေပေးဝေရေးစနစ်ဖြင့် ရေပေးဝေနိုင်ရေးအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ဇွန်လက ကျောက်ဆည်မြို့နယ် ပင်တလည်ကျေးရွာတွင် မြန်မာတစ်နိုင်ငံလုံး၏ ပထမဦးဆုံးအဖြစ် စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီကျေးရွာရေပေးဝေရေးက မြန်မာနိုင်ငံမှာရှိတဲ့ ကျေးရွာတွေထဲမှာ ဘယ်ရွာမှာမှမရှိသေးဘူး၊ ဒီနှစ်ဘဏ္ဍာနှစ်မှာ စတင်အကောင်အထည်ဖော်တာပါ။ ကုန်ကျငွေ ၁၉၅၉၆၈၀၀ ကျပ်ရှိခဲ့ပါတယ်၊ ရေသန့်အဆင့်အထိတော့ မလုပ်ပေးနိုင်သေးဘူး၊ အခုတော့အိမ်အရောက် ခလုတ်ဖွင့်တာနဲ့ရေရနေပါပြီ"ဟု ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလေးလွင်က ပြောကြားသည်။

မြို့ရေပေးဝေရေးအဆင့်ဖြင့် ရေပေးဝေနိုင်ရေးအတွက် ဇော်ဂျီမြစ်အတွင်းမှမြစ်ရေကို (၂၂PH) ရေစုပ်စက်တစ်လုံးဖြင့်စုပ်ယူပြီးအမြင့် ပေ ၂၀ရှိဂါလန် ၂၀၀၀ဆံ့ ရေစင်ပေါ်သို့တင်ကာ ကျေးရွာအတွင်းသို့ ပိုက်လိုင်းများဖြင့်အိမ်အရောက်ပေးဝေလျက်ရှိသည်။ အိမ်အရောက်ရေ သွယ်ခြင်းကို ရေသွယ်လိုသောသူမှ အကုန်အကျခံဆောင်ရွက်ရပြီး အိမ်ထောင်စုပေါင်း ၁၇၄ အိမ်ရေသွယ်ယူထားရှိသည်။ အိမ်အရောက် ရေသွယ်ယူထားသူများသည် တစ်နေ့လျှင် ၅၀ကျပ် ရေပေးဝေရေးကော်မတီသို့ ပေးရသည်။ အိမ်အရောက် ရေသွယ်ခြင်းအပြင် အများပြည်သူအသုံးပြုနိုင်ရန် အတွက်လည်း စည်ပင်သာယာရေးအဖွဲ့ ဘဏ္ဍာငွေဖြင့် ဂါလန် ၂၀၀၀ဆံ့အုတ်ရေကန်နှစ်ကန်နှင့် ကျေးရွာပြည်သူမှစုပေါင်းကာ တစ်ကန်စုစုပေါင်းဂါလန် ၂၀၀၀ ဆံ့ ကန်သုံးကန်ဖြင့် စီစဉ်ဆောင်ရွက်ပေးထားသည်။ အများသုံးကန်မှ အသုံးပြုသောသူများသည် ငွေကြေးပေးစရာမလိုဘဲ တစ်နေ့လျှင် ရေပေးဝေချိန် နှစ်နာရီသတ်မှတ်ထားပြီး တောင်းဆိုမှုများရှိလာပါကလည်း ထပ်မံပြီးရေပေးဝေလျက်ရှိသည်။

သောက်သုံးရေအသုံးပြုရန်အပြင် မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါက အရေးပေါ်အသုံးပြုနိုင်ရန်နှင့် ကျေးရွာအတွင်း သာရေး၊ နာရေးများတွင် အထွေထွေသုံးစွဲနိုင်ရန်အတွက် ကျေးရွာအတွင်းရှိ လမ်းများတွင် နှစ်လက်မပိုက်ဖြင့် နှစ်ပေအမြင့်ရှိရေတိုင် ၁၂တိုင် ကိုလည်းဆောင်ရွက်ထားရှိသည်။

